ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၁၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်**

**( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် )**

**[ အင်္ဂါနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၀.၇၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ဖြည့်စွက်ရန်ပုံငွေ အစည်းအဝေး။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ (၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဆေးကုသမှုခံ။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဦးမနားနိုင်း၊ ချင်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ မိခင်နာရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို**
**မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်

ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့်မေးခွန်းတွေဟာ သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ က သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

## ပဲခူးမြို့နယ်၊ ဘုရားငုတ္တိုကျေးရွာအုပ်စု၊ ထုံးကြီးကျေးရွာအုပ်စု၊ မှော်လုံကျေးရွာအုပ်စုနှင့် ကမ်းနီကျေးရွာအုပ်စုများရှိ လယ်မြေဧက(၂၀၀၀)ကျော်အား ရေကြီးနစ်မြုပ်မှု ကာကွယ်ရန် ကျားကြီးရိုးချောင်းအား ပြန်လည်တူးဖော်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်းက ပဲခူးမြို့နယ်၊ ဘုရားငုတ္တိုကျေးရွာအုပ်စု၊ ထုံးကြီးကျေးရွာအုပ်စု၊ မှော်လုံကျေးရွာအုပ်စုနှင့် ကမ်းနီကျေးရွာအုပ်စုများရှိ လယ်မြေဧက(၂၀၀၀)ကျော်အား ရေကြီးနစ်မြုပ်မှုကာကွယ်ရန် ကျားကြီးရိုးချောင်းအား ပြန်လည်တူးဖော် ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစောမော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးမြို့နယ်၊ ဘုရားငုတ္တိုကျေးရွာအုပ်စု၊ ထုံးကြီးကျေးရွာအုပ်စု၊ မှော်လုံကျေးရွာအုပ်စုနဲ့ ကမ်းနီကျေးရွာအုပ်စုများရှိ လယ်မြေဧက(၂၀၀၀)ကျော်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် ကျားကြီးရိုးချောင်းအား ပြန်လည်တူးဖော်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စုကြီး အုပ်စု(၄)စုဖြစ်တဲ့ ဘုရားငုတ္တိုကျေးရွာအုပ်စု၊ ထုံးကြီးကျေးရွာအုပ်စု၊ မှော်လုံကျေးရွာအုပ်စုနဲ့ ကမ်းနီကျေးရွာအုပ်စုရှိ လယ်မြေဧက(၂၀၀၀)ကျော်ဟာ ရေကြီးနစ်မြုပ်မှုကို နှစ်စဉ် ကြုံတွေ့နေရပါတယ်။ အရှည်(၃)မိုင်၊ အကျယ်ပေ(၂၀) ခန့်ရှိတဲ့ ဘုရားငုတ္တိုကျေးရွာအုပ်စုကနေပြီးတော့ ပဲခူးမြစ်အတွင်းကို စီးဝင်နေတဲ့ ကျားကြီးရိုးချောင်းဟာ တိမ်ကောနေပါတယ်။ ဒါကြောင့် ရေနုတ်အားနည်းတဲ့အတွက် ရေစီးဆင်းမှုဟာလည်း နှေးကွေးပြီးတော့ နှစ်စဉ် ရေကြီး၊ ရေလျှံမှုဖြစ်ပေါ်နေရခြင်း ဖြစ်ပါတယ်။ ၎င်းကျေးရွာအုပ်စု(၄)စုမှာရှိတဲ့ လယ်မြေဧက (၂၀၀၀) ကျော်ဟာလည်း နှစ်စဉ်ရေကြီးနစ်မြုပ်မှုကို ကြုံတွေ့နေရတဲ့အတွက် ဒီအချက်အလက်တွေကို အထိုက်အလျောက် ကာကွယ်ပေးနိုင်ဖို့၊ ပျက်စီးဆုံးရှုံးမှုတွေက ကာကွယ်ပေးနိုင်ဖို့အတွက် ကျားကြီးရိုးချောင်းကို ပြန်လည်တူးဖော်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်သူလယ်သမားများ ကိုယ်စားမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**၁၉၇၄ မှ ၁၉၈၆ ခုနှစ်အထိ သက်တမ်း (၃)ကြိမ်တွင် အရွေးချယ်ခံကျေးရွာအုပ်စုနှင့် ရပ်ကွက်ကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူး တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များ၏ ပင်စင်ခံစားခွင့်ရှိသူများ လျှောက်ထားသော်လည်း ယနေ့တိုင် ရရှိရန် ခက်ခဲနေမှုအပေါ် ကွင်းဆင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ က ၁၉၇၄ မှ ၁၉၈၆ ခုနှစ်အထိ သက်တမ်း(၃)ကြိမ်တွင် အရွေးချယ်ခံကျေးရွာအုပ်စုနှင့် ရပ်ကွက် ကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူး တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များ၏ ပင်စင်ခံစားခွင့်ရှိသူများ လျှောက်ထားသော်လည်း ယနေ့တိုင် ရရှိရန် ခက်ခဲနေမှုအပေါ် ကွင်းဆင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနဲ့ ကော်မရှင်အဖွဲ့ ဝင်များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါ

တယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းနဲ့ပတ်သက်လို့ မမေးခင်မှာ ဘာကြောင့် ဒီမေးခွန်းကို ကျွန်တော်မေးရသလဲဆိုလို့ရှိရင် တစ်နိုင်ငံလုံးမှာ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၁၉၇၄ ခုနှစ်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်က ရပ်ကွက်များနဲ့ ကျေးရွာအုပ်စုများမှာ ကျွန်တော်တို့ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ (၄)နှစ်ပြည့်၊ (၈)နှစ်ပြည့်တဲ့ ပုဂ္ဂိုလ်များ တစ်နိုင်ငံလုံးမှာ ကျန်နေမှာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်က အတိအကျမေးရမှာ ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော့် မြို့နယ်ကို အခြေခံပြီးတော့မှ ကျွန်တော်ကမေးတာ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ ဝေးလံသီခေါင်တဲ့ဒေသတွေ၊ နောက် တိုင်းဒေသကြီးတွေမှာရှိတဲ့ တကယ်ရသင့်ရထိုက်ရဲ့သားနဲ့ မရနိုင်သေးတဲ့ တကယ်လူကြီးတွေအတွက် ရည်ရွယ်ပြီးတော့မှ ကျွန်တော် က ဒီမေးခွန်းကို မေးရခြင်း ဖြစ်ပါတယ်လို့ ရှေးဦးစွာ ကျွန်တော်ပြောကြားလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ၁၉၇၄ မှ ၁၉၈၆ ခုနှစ်အထိ သက်တမ်း(၃)ကြိမ်တွင် အရွေးချယ်ခံ ကျေးရွာအုပ်စုနှင့် ရပ်ကွက်ကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူး တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များ၏ ပင်စင်ခံစား ခွင့်ရှိသူများ လျှောက်ထားသော်လည်း ယနေ့တိုင်ရရှိရန် ခက်ခဲနေမှုအပေါ် မည်ကဲ့သို့ ကွင်းဆင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းပဲ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်တောင်ပိုင်း၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့နယ်မှာ ယခင် ဆိုရှယ်လစ်ခေတ်က ကျေးရွာအုပ်စုနှင့် ရပ်ကွက်များတွင် အရွေးချယ်ခံ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများကို ယခင်က ပင်စင် (၁၀၀)၊ (၁၂၀)ကျပ်သာ ရရှိရာမှ ယခု ဒီမိုကရေစီခေတ်တွင် နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံတော်အစိုးရမှ လစာများနှစ်စဉ်တိုးပေးသလို အငြိမ်းစားဝန်ထမ်းများ၊ နိုင်ငံရေးပင်စင်စားများပါ တိုးမြှင့်ပေး၍ ကျေးရွာအုပ်စု ရပ်ကွက်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ လစဉ်ကျပ်(၃၀၀၀၀)အထိ ခံစားရရှိနေသဖြင့် များစွာဂုဏ်ယူဝမ်းမြောက်လျက် ရှိကြပါတယ်။

ကျွန်တော်တို့ မင်းတပ်မြို့နယ်မှာလည်း နိုင်ငံရေးပင်စင်စားများ၊ ရပ်/ကျေးကောင်စီဥက္ကဋ္ဌ ပင်စင်ရရှိသူ (၈၀)ကျော်အထိရှိ၍ ဝမ်းသာရပါတယ်ခင်ဗျား။ ဒါပေမဲ့ ကျွန်တော်တို့နဲ့အတူ ရွေးချယ်ခံပြီး တာဝန်ကျေပြွန်စွာ ထမ်းဆောင်ခဲ့ကြတဲ့ ရပ်/ကျေး ဥက္ကဋ္ဌ၊ အတွင်းရေးမှူး စုစုပေါင်း ကျွန်တော်တို့ မြို့နယ်မှာ (၁၂)ဦး တိတိကျန်ရှိနေပါတယ်။ မင်းတပ်မြို့နယ်၊ အုပ်ချုပ်ရေးမှူးရုံးရဲ့ ၁၉-၁၂-၂၀၁၃ ရက်စွဲ ပါစာအမှတ် ၂/၂/-၂ ရေး-၂(၁၂၅၅)ဖြင့် ဦးနိုင်းအွမ်၊ ဦးဟုန်းဘူ၊ ဦးထန်းနိုင်း၊ ဦးဘူဟုန်း၊ ဦးထန်းမနား၊ ဦးမာန်ထန်း၊ ဦးဟုန်းထန်း စုစုပေါင်း(၇)ဦး၊ ၃၁-၁၂-၂၀၁၂ရက်စွဲစာအမှတ်-(၁၄၉)ဖြင့် ဦးကင်ဟုန်း၊ ၃၀-၇-၂၀၁၃ ရက်စွဲစာအမှတ် (၁၀၆၈)ဖြင့် ဦးရွှေချိန်၊ ၂၂-၈-၂၀၁၃ ရက်စွဲပါစာအမှတ်-(၁၁၈၃)ဖြင့် ဦးထန်းလိန်းကီး၊ ၁၄-၁၁-၂၀၁၃ ရက်စွဲပါ- (၁၆၂၈)ဖြင့် ဦးထန်းမောင်း၊ ဦးလေးအွယ် စုစုပေါင်း မင်းတပ်မြို့နယ်မှ (၁၂)ဦး တိတိကျန်ရှိနေပါတယ်ခင်ဗျား။ သမ္မတရုံးသို့ မေးမြန်းစုံစမ်းရာတွင် ယင်း ပုဂ္ဂိုလ်များ၏ ခန့်စာမပါ၍ဖြစ်ကြောင်း သိရှိရပါတယ်။ အတော်များများမှာ ကျွန်တော်တို့ ကိုယ်တိုင် ကျေးလက်သို့ ကွင်းဆင်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ကျေးရွာများအထိ ရောက်ရှိလာပြီး လာရောက်တင်ပြကြတဲ့ ပုဂ္ဂိုလ်များရှိပါတယ်။ အသက်(၈၀) ကျော်နေပြီး အမှန်တကယ် (၄) နှစ်သက်တမ်းပြည့် တာဝန်ကျေပြွန်စွာ ထမ်းဆောင်ခဲ့သူများလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ၁၉၈၁ ခုနှစ်မှ ၁၉၈၅ ခုနှစ်မှာ ကျွန်တော် မြို့နယ်ပါတီယူနစ်အတွင်းရေးမှူး တာဝန်ထမ်းဆောင်စဉ်တုန်းက တာဝန်ပေးထားတဲ့ ပုဂ္ဂိုလ်တွေလည်း ပါပါတယ်။ ဒါကြောင့် ကျွန်တော် ဒီ(၁၂)ယောက်ထဲမှာကြည့်မယ်ဆိုရင် ကျွန်တော်တို့ ကိုယ်တိုင် အာမခံနိုင်တဲ့ ပုဂ္ဂိုလ် (၇)ယောက်၊ (၈)ယောက်လောက်ပါနေပါတယ်။ ဒီ ပုဂ္ဂိုလ်တွေဟာ အသက်(၈၀)ကျော်ကုန်ပါပြီ။ ကနေ့ထက်တိုင် သူတို့ခင်ဗျာ မရနိုင်ပါဘူး။ ဒါကြောင့် ကျွန်တော် သမ္မတရုံးကိုလည်း (၂)ကြိမ်၊ (၃)ကြိမ်လောက် ဆက်သွယ်ပါတယ်။ ရသင့်ရထိုက်တဲ့ဟာ အခုလို ခန့်စာမရှိလို့ မရနိုင်ဘူးဆိုတာ သိရပါတယ်။ ဒီ ခန့်စာမရနိုင်တဲ့အကြောင်းကလည်း ကျွန်တော်တို့ မြို့နယ်မှာ ပြန်ပြီးတော့မှ အကုန်ရှာခိုင်းတယ်။ ရှာတော့လည်း ဒီ ခန့်စာတွေက ကျွန်တော်တို့က ပြန်မတွေ့နိုင်ပါဘူး။ သို့သော်လည်းပဲ ဒီ ပုဂ္ဂိုလ်တွေကဘာကြောင့် ဒီ ခန့်စာပျောက်သလဲ၊ မရှိသလဲဆိုလို့ ရှိရင် အများအားဖြင့်က ကျေးရွာမှာနေတဲ့ ပုဂ္ဂိုလ်တွေဟာ တောင်ယာလုပ်တဲ့အတွက် တောင်ယာမှာဘဲ သူတို့အရေးကြီးတဲ့ စာရွက်စာတမ်းတွေ ပါသွားပါတယ်။ အဲဒီမှာ တောင်ယာတဲ မီးလောင်တဲ့အခါမှာ စာရွက်စာတမ်းတွေ ပါသွားတာတွေရှိတယ်။ ပြီးတော့မှ ရွာအိမ်မီးလောင်တဲ့အချိန်မှာ စာရွက်စာတမ်းတွေ ပါသွားတဲ့ ပုဂ္ဂိုလ်တွေ ဒီအထဲမှာ (၄)၊ (၅)၊ (၆)ဦးလောက် ရှိပါတယ်။

အမှန်တကယ် သက်တမ်းပြည့်တာဝန်ထမ်းဆောင်ခဲ့သူ အသက်(၈၀)ကျော် (၉၀)နီးပါးရှိပြီး သားသမီးကျောထောက်နောက်ခံ မရှိသူများဆိုလျှင် ကိုယ်တိုင်မျက်မြင် သနားစရာ အလွန်ကောင်းလှပါတယ်။ ထို့အပြင် အဆင့်ဆင့် ထောက်ခံပေးသော်လည်း ယခုခေတ် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် ၎င်းတို့၏ မြေးအရွယ်များ ဖြစ်နေ၍ ယုံကြည်ရန်ခက်ခဲကြောင်းလည်း သက်ဆိုင်ရာကို စုံစမ်းတဲ့အခါမှာ သိရှိရပါတယ်။

ဒါကြောင့် သက်ကြီးရွယ်အို ယင်းပုဂ္ဂိုလ်များအတွက် ကွင်းဆင်းစစ်ဆေးပြီး မှန်ကန်ပါက ပင်စင်အမြန်ဆုံး ခံစားနိုင်ရန် နည်းလမ်းရှာ၍ စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ကြီးရွယ်အို ပင်စင်စားများကိုယ်စား လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁) မှ ဒုတိယဝန်ကြီးဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ၏ မေးမြန်းချက်နဲ့ပတ်သက်ပြီး ပဲခူး

တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ကိုယ်စားလေးစားစွာဖြင့် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်အတွင်းရှိ ဘုရားငုတ်တိုကျေးရွာအုပ်စု၊ ထုံးကြီးကျေးရွာအုပ်စု၊ မှော်လုံကျေးရွာအုပ်စုနှင့် ကမ်းနီကျေးရွာအုပ်စုရှိ ကျားကြီးရိုးသည် ဘုရားငုတ်တိုကျေးရွာအနီးမှ စတင်စီးဆင်းလာကာ မှော်လုံကျေးရွာအနီးတွင် ပဲခူးမြစ်အတွင်းသို့ စီးဝင်ပါတယ်။ ယခုအခါမှာ အဆိုပါ ရိုးချောင်းမှာ တိမ်ကောပျက်စီးလုနီးပါး ဖြစ်ပြီးတော့မှ ရေနုတ်နိုင်ခြင်း မရှိတဲ့အတွက်ကြောင့် နှစ်စဉ်ရေကြီးတာ၊ ရေလျှံတာ၊ လယ်မြေများမှာ ရေမြုပ်တာတွေရှိနေပါတယ်။ ကျားကြီးရိုး တူးဖော်ပေးခြင်းအားဖြင့် ဘုရားငုတ်တိုကျေးရွာအုပ်စု၊ ထုံးကြီးကျေးရွာအုပ်စု၊ မှော်လုံကျေးရွာအုပ်စုနဲ့ ကမ်းနီကျေးရွာရှိ လယ်မြေဧက (၂၀၀၀)ခန့်ကို ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာလာစေမည်ဖြစ်ပြီး မိုးစပါး ရေတော်မိုးတော် စိုက်ပျိုးလာနိုင်မည် ဖြစ်ပါတယ်။ ကျားကြီးရိုးတူးဖော်ခြင်းလုပ်ငန်းကို လတ်တလောအခြေအနေတွင် ဆောင်ရွက်ထားမှု မရှိသော်လည်း ချောင်းရိုးများ တိမ်ကောနေမှုအတွက် ပြန်လည်တူးဖော်ပေးရန် လိုအပ်မည်ဖြစ်ပါတယ်။ ကျားကြီးရိုး တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အောက်ခြေအကျယ်(၂၀)ပေ၊ ပျမ်းမျှအနက်(၇)ပေနဲ့ အလျား(၄)မိုင်၊ မြေကြီး (၄၀၀၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေ (၉၄.၀၀)သန်းခန့် ကုန်ကျမည် ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ယခင်လွှတ်တော်အစည်းအဝေးများမှာ တင်ပြထားတဲ့ ကတိကဝတ်လုပ်ငန်းများကို ပထမဦးစားပေးအနေနဲ့ဆောင်ရွက်ရန် ကျန်ရှိနေသည်ဖြစ်ရာ ယခု တင်ပြလာသော လုပ်ငန်းအား ၂၀၁၅-၂၀၁၆ ခုနှစ်၊ တိုင်းဒေသကြီး ရန်ပုံငွေ BE တွင် ရန်ပုံငွေ ဆက်လက်တင်ပြတောင်းခံသွားမှာဖြစ်ပြီး ရန်ပုံငွေရရှိပါက ဦးစားပေးအလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်၍ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဟာရှိန်းဘွေ ရဲ့ ၁၉၇၄ မှ ၁၉၈၆ ခုနှစ်အထိ သက်တမ်း(၃)ကြိမ်တွင် အရွေးချယ်ခံကျေးရွာအုပ်စုနှင့် ရပ်ကွက်ကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူး တာဝန်ထမ်းဆောင်ခဲ့သည် ပုဂ္ဂိုလ်များ၏ ပင်စင်ခံစားခွင့်ရှိသူများ လျှောက်ထားသော်လည်း ယနေ့တိုင်ရရှိရန် ခက်ခဲမှုအပေါ် မည်ကဲ့သို့ ကွင်းဆင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းချက်နဲ့ ပတ်သက်ပြီး နိုင်ငံတော် သမ္မတရုံး၏ ကိုယ်စားလေးစားစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ တင်ပြတဲ့ မင်းတပ်မြို့နယ်အတွင်းမှာ ၁၉၇၄ မှ ၁၉၈၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံရေးပင်စင် ခံစားခွင့်ရှိသော်လည်း ခံစားခွင့်မရရှိသေးသူ (၁၂)ဦးဟာ ဦးဟုန်းဘူ၊ ဦးကင်ဟုန်း နဲ့ ဦးရွှေချိန် တို့ (၃)ဦး၏ တာဝန်ထမ်းဆောင်မှုနဲ့ စပ်လျဉ်း၍ ပထမအကြိမ် ပြည်သူ့ကောင်စီ သက်တမ်းမှ စတုတ္ထအကြိမ် ပြည်သူ့ကောင်စီသက်တမ်းအထိ ယခင် မင်းတပ်မြို့နယ်၊ ပြည်သူ့ကောင်စီရုံးများ၏ ပေးပို့ထားသော မှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးရာတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အထောက်အထားများ မတွေ့ရှိခြင်း၊ ဦးနိုင်းအွမ်၊ ဦးထန်းနိုင်း၊ ဦးဘူဟုန်း၊ ဦးထန်းမနား၊ ဦးမာန်ထန်း၊ ဦးဟုန်းထန်း၊ ဦးထန်းလိန်းကီး၊ ဦးထန်းမောင်း၊ ဦးလေးအွယ် တို့ (၉) ဦး၏ တာဝန်ထမ်းဆောင်မှုကို ဆက်လက်စစ်ဆေးရာတွင် ၂-၃-၁၉၇၈ မှ

၈-၁၁-၁၉၈၁ အထိ ဒုတိယအကြိမ် ပြည်သူ့ကောင်စီသက်တမ်း၊ ၄-၁၁-၁၉၈၅ မှ ၁၈-၉-၁၉၈၈ အထိ စတုတ္ထအကြိမ် ပြည်သူ့ကောင်စီ သက်တမ်းတို့တွင် တာဝန်ထမ်းဆောင်ခဲ့သူများ မဟုတ်ခြင်း၊ ပထမအကြိမ် ပြည်သူ့ ကောင်စီသက်တမ်းအစ ၂-၃-၁၉၇၄ ရက်နေ့တွင် တာဝန်ထမ်းဆောင်ခဲ့ကြောင်း အမည်စာရင်းသာတွေ့ရှိရပြီး၊ သက်တမ်းပြီးဆုံးသည်အထိ တာဝန်ထမ်းဆောင်ခဲ့ကြောင်း အထောက်အထားနှင့် အပြစ်ကင်းရှင်းစွာ တာဝန်ထမ်းဆောင်ခဲ့ကြောင်း မင်းတပ်မြို့နယ် ပြည်သူ့ကောင်စီရုံးမှ မှတ်တမ်းများ ပေးပို့ထားခြင်းမရှိခြင်း၊ ယခင်မှတ်တမ်းဟောင်းများနှင့် ကိုယ်ရေးမှတ်တမ်း ဖြည့်စွက်ချက်တို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တောင်းခံရာတွင် သတ်မှတ်ချက်နဲ့ မကိုက်ညီသော ယခုမှအသစ်ပြုလုပ်ထားသည့် ကိုယ်ရေးမှတ်တမ်းများသာ ပေးပို့လာခြင်းတို့ကြောင့် ဆောင်ရွက်မပေးနိုင်ခြင်းဖြစ်ပြီး၊ ပြည့်စုံ မှန်ကန်သော မှတ်တမ်းများရရှိပါက နိုင်ငံရေးပင်စင်ခံစားခွင့် ခွင့်ပြုဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းတွေဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တနင်္သာရီမြို့၊ ဗောဓိကမ်းကျေးရွာနှင့် ညောင်ပင်ကွင်းကျေးရွာချင်းဆက် အန္တရာယ်ရှိလမ်းနှင့် တံတားအား အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့်က တနင်္သာရီမြို့၊ ဗောဓိကမ်းကျေးရွာနှင့် ညောင်ပင်ကွင်းကျေးရွာချင်းဆက် အန္တရာယ်ရှိလမ်းနှင့် တံတားအား အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော်တင်ပြမေးမြန်းမှာကတော့ တနင်္သာရီမြို့နယ်အတွင်းမှာရှိတဲ့ တနင်္သာရီမြို့ အရှေ့ဘက် ဗောဓိကမ်းကျေးရွာနဲ့ ညောင်ပင်ကွင်းကျေးရွာချင်းဆက်တဲ့ အန္တရာယ်ရှိလမ်းနှင့် တံတား အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတာနဲ့ပတ်သက်ပြီး မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ဗောဓိကမ်းကျေးရွာနှင့် ညောင်ပင်ကွင်းကျေးရွာချင်းဆက် လမ်းဟာ တနင်္သာရီမြို့ရဲ့ အရှေ့ဘက် တစ်ဖက်ကမ်းမှာ တည်ရှိတဲ့ အရှည် (၉)မိုင်ခန့် ရှိတဲ့ လမ်းကြီး ဖြစ်ပါတယ်။ ဒီလမ်းကို ကျွန်တော်တို့ ကျေးရွာအုပ်စုကြီး (၄)ခု ဖြစ်တဲ့ ဗောဓိကမ်းကျေးရွာ၊ ဆင်ခြေဖုံးကျေးရွာအုပ်စု၊ ဘန်လောကျေးရွာအုပ်စု၊ သကျက်ကျေးရွာအုပ်စုနဲ့ ညောင်ပင်ကွင်းကျေးရွာအုပ်စုများအပြင် တနင်္သာရီမြို့ပေါ်က

ဒေသခံပြည်သူများပါ နေ့စဉ်နဲ့အမျှ စီးပွားရေးအရသော်လည်းကောင်း၊ လူမှုရေး၊ ပညာရေးအရသော်လည်းကောင်း စဉ်ဆက်မပြတ် သွားလာအသုံးပြုနေတဲ့ အဓိက Main လမ်းမကြီး တစ်ခုပဲ ဖြစ်ပါတယ်။

ဒီလမ်းကို ၁၉၉၀ ခုနှစ်ကတည်းက ကတ္တရာ ခင်းထားခဲ့ပြီးတော့ ဒီကနေ့ထိ ပြန်လည်ပြင်ဆင်နိုင်ခြင်း မရှိတဲ့အတွက် လမ်းရော တံတားပါ ဆိုးဝါးစွာ ပျက်စီးနေပြီ ဖြစ်ပါတယ်။ ကားနဲ့ မော်တော်ဆိုင်ကယ်များသာမကဘဲ ဒေသခံများပါ သွားလာရေးအတွက် အလွန်ပဲ အခက်အခဲဖြစ်နေရပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်က ဒီလမ်းကို ပြုပြင်ဖို့ BOT စနစ်နဲ့ ကုမ္ပဏီများကို လွှဲအပ်ပေးခဲ့သော်လည်းပဲ ဘန်လောကျေးရွာ တံတားတည်ရှိရာကနေပြီးတော့ (၆)မိုင်ကျေးရွာထိ (၁)မိုင်ကျော်ကျော်ခန့်ကိုသာ ကတ္တရာလမ်း ခင်းပေးနိုင်ခဲ့ပြီး ကုန်ကျစရိတ်နဲ့ တွက်ချေမကိုက်တဲ့ အတွက် ဆက်လက်ပြီးတော့ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိဘဲ ရပ်နားထားတာကို တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပြုပါခင်ဗျား။ အခု ပုံမှာ တွေ့ရတာကတော့ ဗောဓိကမ်းကျေးရွာနဲ့ ညောင်ပင်ကွင်းကျေးရွာ လမ်းပေါ်မှာရှိတဲ့ (၄၅)ပေခန့်ရှိတဲ့ တံတားကြီး ပြိုကျပျက်စီးနေတဲ့ပုံပဲ ဖြစ်ပါတယ်။ ၂၀၁၄ ခု ဧပြီလ ၇ ရက်နေ့က ကျွန်တော်တို့ တနင်္သာရီတိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ကိုယ်တိုင် ခေါင်းဆောင်ပြီးတော့ Delivery Unit နဲ့ လူထုနဲ့ တွေ့ဆုံပွဲပြုလုပ်တဲ့နေရာမှာ ကျွန်တော်တို့ တနင်္သာရီ မြို့နယ်က လွှတ်တော် ကိုယ်စားလှယ်များ အပါအဝင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ စည်ပင်သာယာရေး ကော်မတီနဲ့ မြို့နယ် အထောက်အကူပြု ကော်မတီများပါ တက်ရောက်ပြီးတော့ ဒီလမ်းကြီးရဲ့ ဆိုးဝါးစွာ ပျက်စီးနေမှုအတွက် ပြန်လည်ပြင်ဆင်ပေးဖို့ တင်ပြတောင်းဆိုခဲ့ပါတယ်။ ဒီလမ်းကို ပထမက BOT ယူခဲ့တဲ့ ကုမ္ပဏီကလည်း Delivery Unit မှာ ပြင်ဆင်ရေးအတွက် မတတ်နိုင်တော့ပြီ ဖြစ်တဲ့အတွက် ပ.ဆ.c ကို ပြန်လည်ပေးအပ် လွှဲပြောင်းခဲ့ပါတယ်။ ဒုတိယဝန်ကြီးနဲ့ အဖွဲ့ကလည်း ၂၀၁၅ ခုနှစ်မှာ ပြန်လည်ပြင်ဆင်ပေးပါ့မယ်ဆိုတဲ့ ကတိကို ပေးခဲ့ပါတယ်။ သို့သော်လည်းပဲ ဒီလမ်းကြီးဟာ ၂၀၁၅ ခုနှစ် မရောက်ခင်မှာပဲ ၂၀၁၄ ခု ဩဂုတ်လ ၅ ရက်နေ့မှာ မိုးကြီး သည်းထန်စွာ ရွာသွားပြီးတော့ တံတားကြီး ပြိုကျပျက်စီး သွားခဲ့ပါတယ်။ အခု ပုံမှာ မြင်တွေ့ရတဲ့ပုံဟာဆိုရင် ကျွန်တော်တို့ အဲဒီလမ်းက ဖြတ်သန်းသွားလာတဲ့ မော်တော်ဆိုင်ကယ် တစ်စီးကိုပင်လျှင် တစ်ဖက်ကမ်းကို ရောက်အောင် တော်တော်ကို ထိန်းထိန်းသိမ်းသိမ်းနဲ့ ကူညီဖေးမ ဆောင်ရွက်ပြီး သွားနေတဲ့ပုံပဲ ဖြစ်ပါတယ်။ အဲဒီပုံကဆိုရင် ခလရ ၅၆၁ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ရဲဇော်မျိုး နဲ့ တပ်မတော်သားများကို ကျွန်တော်တို့ ဒေသခံပြည်သူများအားလုံး ပါဝင်ပူးပေါင်းပြီးတော့ အမြန်ဆုံး ပြည်သူများ ပြန်လည်သွားလာနိုင်အောင် အကြံဉာဏ် တောင်းခံပူးပေါင်း ဆောင်ရွက်ခဲ့တာဟာ ဒီကနေ့မှာဆိုရင် ပျက်စီးသွားတဲ့ တံတားရဲ့တိုင်နဲ့ယက်မများကို အဟောင်းအတိုင်းအထဲက ကောင်းတာလေးကိုယူပြီး ပြန်လည်အသုံးပြုထားရတာ ဖြစ်တဲ့အတွက် ခိုင်မာမှုမရှိခဲ့ဘူး ယာယီအားဖြင့်တော့ အသုံးပြုလို့ ရနေပြီ ဖြစ်ပါတယ်။

ဒါကြောင့် ဒီတံတားကို ၂၀၁၄-၂၀၁၅ ဘတ်ဂျက်လျာထားချက်အတွင်းမှာပဲ ကျွန်တော်တို့ အမြန်ဆုံး သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်တည်ဆောက်ပေးဖို့ တင်ပြလိုပါတယ်။ ပုံမှာတွေ့တဲ့ ကတ္တရာလမ်းရဲ့ ချိုင့်ခွက်တွေဟာဆိုရင်လည်းပဲ ဒီတံတား နဲ့ တစ်ဆက်တစ်စပ်တည်း ရှိပြီးတော့ ဗောဓိကမ်းကျေးရွာအထိ (၅)မိုင်ခန့် ရှည်လျားသော လမ်းကြီးမှာ မော်တော်ဆိုင်ကယ်များဟာ

အန္တရာယ်ရှိစွာနဲ့ သွားလာနေခဲ့ကြရပါတယ်။ အဲဒီလမ်းတွေကို ပျက်စီးနေတဲ့အတိုင်း လက်ရှိ တွေ့မြင်နေရတဲ့အတိုင်းပဲ သွားလာနေကြတာ မော်တော်ဆိုင်ကယ်များဟာ မကြာခဏရင်ဆိုင်တွေ့ဆုံ တိုက်ခိုက်မိခြင်း၊ ကုန်တွေ တင်လာတဲ့ ဆိုင်ကယ်များဟာ လမ်းချော်ကျခြင်း၊ မှောက်လဲခြင်းများ မကြာခဏကြုံတွေ့နေရပြီး အင်မတန်ကို အန္တရာယ်များနေပြီဖြစ်တဲ့ လမ်းကြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တင်ပြတောင်းဆိုလိုတာက ဒီလမ်းနဲ့ တံတားကြီးကို ၂၀၁၄-၂၀၁၅ ဘတ်ဂျက်ကာလ အတွင်းမှာပဲ အမြန်ဆုံး ပြန်လည်ပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတာနဲ့ပတ်သက်ပြီး အများပြည်သူရဲ့ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

ဗောဓိကမ်းနှင့် ညောင်ပင်ကွင်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သစ်သားတံတား ပြိုပျက်နေသည်ပုံ (၉)



လုံးဝသွားလာမရတော့၍ ခလရ(၅၆၁)တပ်မတော်သားများနှင့် ကျေးရွာလူထု ပူးပေါင်းတံတား ပြင်ဆင်နေသည့်ပုံ (၉-၁)



တံတားနှင့် တစ်ဆက်တည်းသော ကတ္တရာလမ်း ချိုင့်ခွက်များ ဖြစ်ပေါ်ပျက်စီးနေပုံ (၉-၂)



**မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်း (ကချင်ပြည်နယ်အပိုင်း) ကတ္တရာလမ်းခင်းရန် ကျန်ရှိသည့် လမ်းမိုင် ( ၂၂၂ / ၇ မှ ၂၃၂ / ၀ ) အထိ ၉ မိုင် ၁ ဖာလုံအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အပြီးခင်းနိုင်ရန် ပြည်ထောင်စု ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေမှ ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် က မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်း (ကချင်ပြည်နယ်အပိုင်း) ကတ္တရာလမ်းခင်းရန်ကျန်ရှိသည့် လမ်း မိုင် ( ၂၂၂ / ၇ မှ ၂၃၂ / ၀ ) အထိ ၉ မိုင် ၁ ဖာလုံအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အပြီးခင်းနိုင်ရန် ပြည်ထောင်စုငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေမှ ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းတို့နှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေး-မြစ်ကြီးနား ပြည်ထောင်စုလမ်း (ကချင်ပြည်နယ်အပိုင်း) ကတ္တရာခင်းခြင်း လုပ်ငန်းနဲ့ပတ်သက်ပြီးတော့ မေးခွန်း(၂)ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်ဟာ မြန်မာနိုင်ငံရဲ့ မြောက်ပိုင်းမှာတည်ရှိပါတယ်။ မန္တလေးနဲ့ မြစ်ကြီးနားထိ မိုင်ပေါင်း (၂၈၉)မိုင် ဝေးပါတယ်။ အဲဒီ (၂၈၉)မိုင်မှာ ကချင်ပြည်နယ်အပိုင်းက (၁၂၁)မိုင် ပါ ပါတယ်။ အဲဒီတော့ မန္တလေးကနေပြီးတော့ မြစ်ကြီးနားကို ယခု ၂၀၁၄ ခုနှစ်ကစပြီးတော့ ဘတ်စ်ကားတွေ နေ့စဉ် အသွားအပြန် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အဲဒီလမ်းမကြီးဟာ ကျွန်တော်တို့ ကချင်ပြည်နယ်အတွက် အဓိက အားထားရတဲ့ လမ်းမကြီး ဖြစ်ပါတယ်။ အဲဒီလို နေ့စဉ် ပြည်သူတွေက ဘတ်စ်ကားတွေနဲ့ မန္တလေးနဲ့ အသွားအလာ လုပ်ကြတဲ့အခါမှာ တွေ့ကြုံရတဲ့ အနေအထားလေးကို ကျွန်တော်တို့ကို တင်ပြပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကချင်ပြည်နယ်အပိုင်း (၁၂၁)မိုင်ဟာ လမ်းဟာ တော်တော်လေးကို အခြေအနေ ဆိုးပြီးတော့ စစ်ကိုင်းတိုင်းအပိုင်း မန္တလေးထိ လမ်းက ကတ္တရာလမ်း အားလုံး ခင်းပြီး ဖြစ်နေတယ်။

အဲဒီတော့ ကျွန်တော်တို့ ကချင်ပြည်နယ်လမ်းက တော်တော်လေး အခြေအနေ ဆိုးပါတယ်။ ဒါလေးကို ပြင်ဆင်ပေးနိုင်ဖို့အတွက် လွှတ်တော်မှာ တင်ပြပေးပါဆိုပြီးတော့လည်း မကြာခဏ တင်ပြတောင်းဆိုနေကြတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပြည်ထောင်စုဆောက်လုပ်ရေး ဝန်ကြီး ကချင်ပြည်နယ် ခရီးစဉ်မှာလည်း ကချင်ပြည်နယ်အပိုင်းဖြစ်တဲ့ (၁၂၁)မိုင်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းမှာ ကတ္တရာလမ်း အပြီး ခင်းပေးမယ်ဆိုပြီးတော့ ဒီလိုပြောသွားတယ်လို့လည်း ကျွန်တော့်အနေနဲ့ သိရပါတယ်။ အဲဒီတော့ လွှတ်တော် နားတဲ့အချိန်မှာ မြစ်ကြီးနားကို သွားပြီးတော့ ဆောက်လုပ်ရေး တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ နောက် ကချင်ပြည်နယ်အစိုးရရဲ့ ဆောက်လုပ်ရေးဝန်ကြီးနဲ့ တွေ့ပါတယ်။ တွေ့ပြီးတော့ ဒီလမ်းကိစ္စတွေကို ကျွန်တော်တို့ ဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့အခါမှာ

ဆွေးနွေးချက်အရ သိရှိရတာကတော့ ကျွန်တော်တို့ ကချင်ပြည်နယ်အပိုင်းဟာ (၁၂၁)မိုင် ရှိတယ်။ အဲဒီထဲကနေပြီးတော့ (၈၀)မိုင်နဲ့ (၄)ဖာလုံ ကတော့ ကတ္တရာလမ်း ခင်းပြီး ဖြစ်ပါတယ်။ ကျန်တဲ့ (၄၀)မိုင်နဲ့ (၄)ဖာလုံ ကတ္တရာခင်းဖို့ ကျန်နေပါတယ်။ ကျန်နေတဲ့ဟာက ကျန်နေတဲ့ (၄၀)မိုင်နဲ့ (၄)ဖာလုံကို အဲဒီထဲက (၂၁)မိုင်နဲ့ (၂)ဖာလုံကို ၂၀၁၄-၂၀၁၅ ခုနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ်သန်း (၃၃၅၂.၇၅) သန်း ဘဏ္ဍာငွေ ခွဲဝေထားပြီး ဖြစ်ပါတယ် ။ နောက်တစ်ခါ (၁၉)မိုင် (၂)ဖာလုံကိုတော့ဖြင့် ပြည်နယ် ရန်ပုံငွေ ကျပ်သန်း (၂၇၅၅)သန်းနဲ့ ဆောင်ရွက်ဖို့ ခွဲဝေထားပြီး ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီလမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အပြီး ဆောင်ရွက်မယ်လို့ သူတို့ ပြောပါတယ်။ အဲဒီတော့ ကျန်တဲ့အပိုင်းက မိုင်တိုင် ၂၂၂/ ၇ ကနေပြီးတော့ မိုင်တိုင် ၂၃၂ ထိ မိုင် (၉)မိုင် ကျန်နေပါတယ်။ အဲဒီ (၉)မိုင်ကတော့ ဘဏ္ဍာငွေ မရှိဘူး။ အဲဒီဘဏ္ဍာငွေကိုတော့ ၂၀၁၄-၂၀၁၅ ပြည်ထောင်စုငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေကို တင်ပြတောင်းခံသင့်တယ်လို့ အကြံဉာဏ် ပေးပါတယ်။ အကြံဉာဏ်ပေးတဲ့အတိုင်းပဲ ခင်းဖို့ကျန်နေတဲ့ (၄၀)မိုင် (၄)ဖာလုံထဲကနေပြီးတော့ ကျန်တဲ့ (၂၁)မိုင် (၂)ဖာလုံရယ် (၁၉)မိုင် (၂)ဖာလုံရယ် အဲဒါကတော့ ငွေလုံးငွေရင်း ဘဏ္ဍာငွေတွေ ရရှိထားပြီးတော့ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အဲဒီတော့ အပြီး ခင်းနိုင်ဖို့အတွက် (၉)မိုင် ကျန်ပါတယ်ခင်ဗျား။ (၉)မိုင်လေးကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ အပြီး ခင်းပေးနိုင်ဖို့အတွက် အခု ၂၀၁၄-၂၀၁၅ ပြည်ထောင်စုငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေကနေပြီးတော့ ဘဏ္ဍာငွေ လျာထားပေးဖို့ ကျွန်တော့်အနေနဲ့ ဒါ တင်ပြဆွေးနွေးတာ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီးတော့ နောက်တစ်ခုက ကျွန်တော်တို့ ယခု လက်ရှိဆောင်ရွက်နေတဲ့ (၄၀)မိုင် (၄)ဖာလုံ လုပ်ငန်းတွေကို တာဝန်ရှိသူတွေရဲ့ ပြောပြချက်အရကတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မတ်လ ၃၁ ရက်နေ့မှာအပြီး ဆောင်ရွက်ပေးမယ်လို့ သူတို့က ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော် လိုက်ကြည့်တဲ့အခါကျတော့ ဆောက်လုပ်ရေးပစ္စည်းတွေ ကျောက်တို့ ကျန်တဲ့ ဆောက်လုပ်ရေးပစ္စည်းတွေ ဒါတွေကို ကြည့်တဲ့အခါမှာ သူတို့ရဲ့ စုဆောင်းထားရှိမှုဟာ ကျွန်တော်တို့အနေနဲ့ ကျွန်တော် သုံးသပ်ရမယ်ဆိုရင်တော့ မတ်လ ၃၁ ရက်မှာ မပြီးနိုင်ဘူးလို့ ကျွန်တော့်အနေနဲ့ ဒီလိုပဲ ယူဆတယ်။ ဒါနဲ့ ကျွန်တော်က မပြီးမှာ စိုးရိမ်တဲ့အတွက်ကြောင့် သူတို့ကိုလည်း ကျွန်တော် မေးမြန်းပါတယ်။ အဲဒီတော့ ဒီလုပ်ငန်းတွေ လုပ်တဲ့အခါမှာ သတ်မှတ်တဲ့ ကာလအတွင်းမှာ ပြီးစီးနိုင်ဖို့အတွက် ခင်ဗျားတို့ လုပ်ငန်းဇယား Work Schedule ရှိရဲ့လားလို့ ကျွန်တော် မေးမြန်းပါတယ်။ မေးမြန်းတဲ့အခါမှာလည်း Work Schedule မရှိတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ လမ်းဆောင်ရွက်မှုနဲ့ပတ်သက်ပြီး အချက် (၂)ချက်ကို မေးမြန်းလိုပါတယ်။

ပထမတစ်ချက်ကတော့ ကျွန်တော်တို့ မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်း ကချင်ပြည်နယ် အပိုင်းဖြစ်တဲ့ ဘတ်ဂျက်လျာထားမှု မရှိသေးတဲ့ (၉)မိုင်ကို ဒီ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းမှာ အပြီးခင်းကျင်းပေးနိုင်ဖို့အတွက် ယခု ၂၀၁၄-၂၀၁၅ ပြည်ထောင်စုငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေ ချပေးနိုင်ခြင်း ရှိ/မရှိ နောက်တစ်ချက်ကတော့ ကျန်တဲ့ မိုင် (၄၀)၊ (၄)ဖာလုံကို ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေတဲ့ လုပ်ငန်းဟာ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လ ၃၁ ရက်နေ့ အပြီး ဆောင်ရွက်နိုင်ရန် လုပ်ငန်းဇယားများ ရေးဆွဲပြီးတော့ သက်ဆိုင်ရာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များက အစဉ် ကြပ်ကြပ်မတ်မတ် စစ်ဆေးမယ့်အစီအစဉ် ရှိ/ မရှိ သိရှိလိုတဲ့အတွက်ကြောင့်မို့ ပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့မြို့နယ်၊ ဒဂုံတောင် မြို့နယ်နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ နိုင်ငံ့ဝန်ထမ်းများအား ချထားပေးခဲ့သည့် အိမ်ခြံမြေကွက်များတွင် အဆောက်အအုံများ ဆောက်လုပ်နေထိုင်နိုင်ရန် နိုင်ငံတော်မှ ဆောင်ရွက်ပေးမည့် အစီအစဉ်နှင့် စတင်ဆောင်ရွက်ပေးမည့် ကာလတို့ကိုသိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့မြို့နယ်၊ ဒဂုံတောင် မြို့နယ်နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ နိုင်ငံ့ ဝန်ထမ်းများအား ချထားပေးခဲ့သည့် အိမ်ခြံမြေကွက်များတွင် အဆောက်အအုံများ ဆောက်လုပ်နေထိုင်နိုင်ရန် နိုင်ငံတော်မှ ဆောင်ရွက်ပေးမည့် အစီအစဉ်နှင့် စတင်ဆောင်ရွက်ပေးမည့် ကာလတို့ကိုသိရှိ လိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ ပြည်ထောင်စုအဆင့် ဝန်ကြီး၊ ဒုတိယဝန်ကြီးများ ဧည့်သည်တော်များ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးရဲ့ ဒဂုံရှေ့၊ဒဂုံတောင် ဒဂုံဆိပ်ကမ်းမြို့နယ်မှာ ရှိတဲ့ နိုင်ငံ့ ဝန်ထမ်းများအားချထားပေးခဲ့သည့် မြေကွက်များနဲ့ပတ်သက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးမယ့် မြေကွက်များနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ဒဂုံတောင်ပိုင်းမြို့နယ်နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်များမှာဖြင့် နိုင်ငံ့ဝန်ထမ်းများ နေထိုင်မှုအတွက် နောင်ရေး စိတ်အေးဖို့ ကောင်းမွန်သော ရည်ရွယ်ချက်နဲ့ ပေ ၄၀ x ၆၀ မြေကွက်များကို သတ်မှတ် စည်းကမ်းချက်များနဲ့ နိုင်ငံတော်က နေရာချထားပေးခဲ့သည်မှာ နှစ်ပေါင်း (၂၀)ကျော်ခဲ့ပြီ ဖြစ်ပါတယ်။ စားရေး ဝတ်ရေး နေရေး အရေးသုံးပါးမှာ အဓိက ကျလှတဲ့ နေရေးအတွက် မေတ္တာစေတနာ အမြော်အမြင်ကြီးစွာဖြင့် နိုင်ငံတော်အစိုးရ မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနကနေ တာဝန်ယူ၍ ခွင့်ပြုဖော်ဆောင်ပေးခဲ့တဲ့ အဆိုပါလုပ်ငန်း အဆိုပါ ဝန်ထမ်းအိမ်ရာမြေကွက်များမှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်ပေမယ့် အများစုမှာ ယနေ့တိုင် လမ်းမရှိ၊ ရေမရှိ၊ မီးအလင်းရောင် မရှိဘဲနဲ့ မူလကွင်းပြင်အတိုင်း ရှိနေသည့်အတွက် နိုင်ငံ့ ဝန်ထမ်းများ အထူးသဖြင့် ပညာရေးဝန်ထမ်းများမှာ အငြိမ်းစား ယူခဲ့ကြပြီး မိမိတို့ ရှိသမျှ အင်အားနဲ့ နေရေးအတွက် ပြင်ဆင်လိုကြသော်လည်း အခွင့်မသာ အခက်အခဲများစွာဖြင့် ရင်ဆိုင်တွေ့ကြုံနေရစဉ် အိမ်ခြံမြေပွဲစား အရောင်းအဝယ်သမားများက ဈေးကောင်းပေးဝယ်မည်ဟူသော ခေါင်းစဉ်အောက်သို့ မရောက်ချင်ဘဲ ရောက်သွားကြသူအချို့လည်း ရှိနေကြကြောင်း တွေ့ရပြီး ခေတ်ကာလအလျှောက် ဈေးပေါက်သည့် မြေတန်ဖိုးကိုပင်မရရှိကြဘဲ နိုင်ငံတော်အစိုးရက အမွေပေးခဲ့တဲ့ မိသားစုပိုင် မြေကွက်ကလေး လက်လွှတ် ဆုံးရှုံးခဲ့ရသည်များကို ဝမ်းနည်းစွာ မြင်တွေ့နေရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ယခုအခါ နိုင်ငံတော်သမ္မတကြီးကလည်း

လူထုလက်လှမ်းမီနိုင်တဲ့ နှုန်းထားနဲ့ ရောင်းချနိုင်မယ့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားနေချိန်လည်း ဖြစ်တဲ့အတွက် နိုင်ငံတော် အစိုးရက ဖြစ်စေ နိုင်ငံတော်အစိုးရနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များ ညှိနှိုင်းပူးပေါင်း၍ဖြစ်စေ နိုင်ငံ့ဝန်ထမ်းများရဲ့နေရေး အလေးအနက် စဉ်းစားဖော်ဆောင်ရန် အချိန်တန်ပြီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး ဒဂုံအရှေ့မြို့နယ် ဒဂုံတောင်မြို့နယ်နဲ့ ဒဂုံဆိပ်ကမ်းမြို့နယ်တို့မှာ ဈေးကောင်းပေးဝယ်မည့်သူများ လက်သို့ပါမသွားသေးဘဲနဲ့ ဖွဲ့ကောင်းကောင်းဖြင့် မျှော်လင့်စောင့်စားနေကြဆဲ အထူးသဖြင့် ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများ၊ နိုင်ငံ့ဝန်ထမ်းများရဲ့ လူနေမှုဘဝကို ငဲ့ညှာထောက်ထားလျက် စီမံကိန်းကို အမြန်အကောင်အထည် ဖော်ဆောင်ရွက်ပေးသင့်ပါပြီ။ သို့မဟုတ်ပါက နိုင်ငံတော်အစိုးရ၏ နိုင်ငံ့ဝန်ထမ်းများ နေရေး ဖြေရှင်းဆောင်ရွက်ပေးလိုသော မူလမေတ္တာစေတနာ ရည်ရွယ်ချက်များမှာ အထမမြောက်ဘဲ ဈေးကောင်းပေးဝယ်မည်ဆိုသော အိမ်ခြံမြေပွဲစားများရဲ့ လက်သို့ မရောက်ရောက်အောင် ပို့ဆောင်ပေးရာ ရောက်သည်ကို အထူးသတိပြုကြရမှာဖြစ်ပါတယ်။ သို့ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့မြို့နယ်၊ ဒဂုံတောင်မြို့နယ်နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်များမှာရှိတဲ့ နိုင်ငံ့ဝန်ထမ်းများအား ချထားပေးခဲ့တဲ့ အိမ်ခြံမြေကွက်များမှာ အဆောက်အအုံများ ဆောက်လုပ်နေထိုင်နိုင်ရန် နိုင်ငံတော်မှ ဆောင်ရွက်ပေးမည့် အစီအစဉ်နှင့် စတင်ဆောင်ရွက်ပေးမည့်ကာလကို ဖြေကြားပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးများစွာတင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၆။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ အထူး ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး သုခမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံ ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ မေးမြန်းသွားတဲ့ မေးခွန်း (၃)ခုကို ဖြေကြားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံး မေးခွန်းအနေနဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးသန်းမြင့် မေးထားတဲ့ ဗောဓိကမ်းကျေးရွာမှ ညောင်ပင်ကွင်းကျေးရွာချင်းဆက် အန္တရာယ်ရှိလမ်းနှင့် တံတား အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ရှင်းလင်းတင်ပြတဲ့အခါမှာ ပိုမိုမြင်သာစေရန်အတွက် Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါ။ ဒါဟာ ကျွန်တော်တို့

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ တနင်္သာရီ-ညောင်ပင်ကွင်း-သဘော့လိပ် - သဲဖြူ ဒီလမ်း ဖြစ်ပါတယ်။ ဒီလမ်းဟာ တနင်္သာရီ ကနေပြီးတော့ ညောင်ပင်ကွင်း- သဘော့လိပ်-သဲဖြူကနေပြီးတော့ မောတောင်အထိ (၆၉)မိုင် ရှည်လျားတဲ့ လမ်းဖြစ်ပါတယ်။ ဒီလမ်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ၂၀၁၀ ခုနှစ်မှာ ယုဇန ကုမ္ပဏီကို B.O.T စနစ်နဲ့ လွှဲပြောင်းပေးအပ်ထားတာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ယုဇနကုမ္ပဏီရဲ့ ဆောင်ရွက်မှု အားနည်းတဲ့အတွက် ကျွန်တော်တို့ ၁၅-၅-၂၀၁၂ ခုနှစ်မှာ လုပ်ငန်းကို ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။ တစ်ဖန် မြိတ်အများပိုင် ကော်ပိုရေးရှင်း ကနေပြီးတော့ တနင်္သာရီ-ညောင်ပင်ကွင်း-သဲဖြူ-မောတောင် လမ်းကိုပဲ B.O.T စနစ်နဲ့ ဆောင်ရွက် ခွင့်ပြုဖို့ ဆိုပြီးတော့ တင်ပြလာတဲ့အတွက် ဒါကို ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။ အဲဒီတော့ မြိတ်အများပိုင် ကော်ပိုရေးရှင်း အနေနဲ့လည်း ဆောင်ရွက်တဲ့အခါမှာ တနင်္သာရီ-ညောင်ပင်ကွင်း-သဘော့လိပ် - သဲဖြူ အပိုင်းကို ဆောင်ရွက်ခြင်းထက် ဒီဘက်က တနင်္သာရီ-တိုခါ -သဲဖြူ အပိုင်းကို ဆောင်ရွက်တာ များနေတဲ့အတွက် ဒီအပိုင်းကို ဆောင်ရွက်မှု နည်းပါးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒါကို မဆောင်ရွက်နိုင်ရင် ပြန်အပ်ဖို့ သူတို့ကို ညွှန်ကြားတဲ့အခါမှာ သူတို့က ၂၇-၆-၂၀၁၄ မှာ ကျွန်တော်တို့ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းကို ပြန်လည်အပ်နှံခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ဒီဟာနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်မှာ ရန်ပုံငွေ တောင်းခံဖို့ အခက်အခဲ ဖြစ်သွားတာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ မူဝါဒအရ ရန်ပုံငွေ တောင်းခံတဲ့ အခါမှာလည်း မူလခွင့်ပြုရန်ပုံငွေမှာ ပါဝင်မှသာ ဖြည့်စွက်ရန်ပုံငွေ တောင်းခံနိုင်မှာ ဖြစ်တဲ့အတွက် ဒီကာလ ကျွန်တော်တို့ ပြန်အပ်တဲ့ကာလက မူလခွင့်ပြုငွေ ခွင့်ပြုပြီးတဲ့အချိန် ဖြစ်နေတာကြောင့် အခက်အခဲဖြစ်သွားတဲ့အတွက် ရန်ပုံငွေ တောင်းခံနိုင်ခြင်း မရှိပါဘူး။ သို့သော်လည်းပဲ ဒီအပိုင်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ဟာ တနင်္သာရီ-ညောင်ပင်ကွင်း-သဘော့လိပ် - သဲဖြူ အပိုင်း မိုင်တိုင် (၀/၄)ကနေပြီးတော့ ညောင်ပင်ကွင်း (၁၀)အထိ (၉)မိုင်(၄)ဖာလုံကို ကျွန်တော်တို့ တိုင်းဒေသကြီးရဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေနဲ့ လမ်းပေါက်များဖာထေးတဲ့ လုပ်ငန်းများ (၆)မိုင် ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီအပြင် ကတ္တရာလမ်း မျက်နှာပြင်ညှိခြင်း (၁)မိုင်(၆)ဖာလုံ ဆောင်ရွက် ပါတယ်။ ဘန်းသဲချောင်းတံတား (၄၅)ပေကိုလည်း အုတ်စီကမ်းကပ်ခုံ သစ်သားကြမ်းခင်းနဲ့ ညောင်ပင်ကွင်းတံတား(၃၆၀)ပေကိုလည်း သံကူကွန်ကရစ်တံတား အပြီးသတ် ဆောင်ရွက်ခြင်း လုပ်ငန်းနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်မှာတော့ဗောဓိကမ်း-ဘန်လော- ညောင်ပင် ကွင်းလမ်းမှာ (၁၂)ပေအကျယ် ဆောင်ရွက်ရန်ကျန်တဲ့ ကတ္တရာလမ်းသစ်(၃)မိုင်ခင်းခြင်းနဲ့ ဘန်းသဲ တံတား(၄၅)ပေကို သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် ရန်ပုံငွေတင်ပြ တောင်းခံပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မှာ မူတည်ပြီး လမ်း၊ တံတားများ ဆက်လက် ဆောင်ရွက် သွားမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ ကချင်ပြည် နယ် အမှတ်(၇)မဲဆန္ဒနယ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစံပြည့် မေးထားတဲ့ မန္တလေး- ရွှေဘို- မြစ်ကြီးနား ပြည်ထောင်စုကားလမ်း ကချင်ပြည်နယ်အပိုင်း ကတ္တရာလမ်းခင်းရန် ကျန်ရှိတဲ့ လမ်းမိုင်(၉)မိုင်(၁)ဖာလုံအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ အပြီးခင်းနိုင်ရန် ပြည်ထောင်စု

ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေ ခွင့်ပြုပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်းနဲ့ စပ်လျဉ်းလို့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေဘို- မြစ်ကြီးနားလမ်းဟာ ကျွန်တော်တို့ ကချင်ပြည်နယ်အပိုင်းမှာ နန့်စီးအောင်ကနေပြီးတော့ မြစ်ကြီးနားအထိ မိုင်(၁၆၈)ကနေ (၂၈၉)အထိ (၁၂၁)မိုင် ရှည်လျားတာ ဖြစ်ပါတယ်။ ဒီလမ်းကြီးကို ကျွန်တော်တို့ ဆောင်ရွက်တဲ့အခါမှာ ၃၁-၃-၂၀၁၄ နေ့အထိ အခြေအနေ ကတော့ ကတ္တရာလမ်း(၆၉)မိုင်နဲ့ (၇)ဖာလုံ၊ ကျောက်လမ်း(၁၉)မိုင်နဲ့ (၆)ဖာလုံ၊ အမာခံလမ်း (၃၁)မိုင်နဲ့(၃)ဖာလုံ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ရွှေဘို- မြစ်ကြီးနားလမ်း ကချင် ပြည်နယ် အပိုင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်းနဲ့ ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေ စုစုပေါင်းကျပ်(၃၃၀၀)သန်းနဲ့ ကတ္တရာလမ်းခင်းခြင်း (၂၁)မိုင်နဲ့(၂)ဖာလုံ ဆောင်ရွက် သွားမှာ ဖြစ်ပြီးတော့ ကချင်ပြည်နယ်အစိုးရရဲ့ ရန်ပုံငွေကျပ်(၂၇၅၅)သန်းနဲ့ ကတ္တရာခင်းခြင်း (၁၉)မိုင် (၁)ဖာလုံကိုတော့ အိတ်ဖွင့်တင်ဒါ အောင်မြင်ထားတဲ့ ကောင်းကင်လွင်ကုမ္ပဏီ၊ မြန်မာမိတ်ကာဟုမ်း ကုမ္ပဏီ၊ K.T.T ကုမ္ပဏီနဲ့ တော်ဝင်စိုးညွန့်ကုမ္ပဏီ စတဲ့ ကုမ္ပဏီ(၄)ခုမှ ကချင်ပြည်နယ် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းရဲ့ ကြီးကြပ်မှုနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တင်ဒါရရှိပြီး လုပ်ငန်း ဆောင်ရွက်မယ့် ကုမ္ပဏီ(၄)ခုကိုလည်းပဲ တင်ဒါစည်းကမ်းနဲ့အညီ စာချုပ်ချုပ်ဆိုပြီးတော့ ၂၀၁၅ ခုနှစ်၊ မတ်လအကုန်မှာ ပြီးစီးအောင်ဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ၃၁-၃-၂၀၁၄ နေ့မှာရှိတဲ့ ကျောက်လမ်း(၁၉)မိုင်(၆)ဖာလုံ၊ အမာခံလမ်း(၃၁)မိုင်(၃)ဖာလုံ၊ စုစုပေါင်း ကတ္တရာခင်းရန်(၅၁)မိုင်(၁)ဖာလုံအနက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေနဲ့ (၂၁)မိုင်(၂)ဖာလုံကို ပြည်ထောင်စု ရန်ပုံငွေကလည်းကောင်း၊ ပြည်နယ်အစိုးရရန်ပုံငွေနဲ့ (၁၉)မိုင်(၂)ဖာလုံ ဆောင်ရွက်မှာဖြစ်တဲ့အတွက် စုစုပေါင်း(၄၀)မိုင်နဲ့ (၄)ဖာလုံကို ကတ္တရာခင်းနိုင်တဲ့အတွက် ကတ္တရာခင်းရန်(၁၀)မိုင်(၅)ဖာလုံသာ ကျန်ရှိမှာဖြစ်ပါတယ်။ အဲဒီကတ္တရာခင်းရန် ကျန်ရှိတဲ့ (၁၀)မိုင်(၅)ဖာလုံအနက်က (၅)မိုင်ကိုတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ရဲ့ ဖြည့်စွက်ငွေလုံးငွေရင်း ရန်ပုံငွေမှာ ကျွန်တော်တို့ တင်ပြတောင်းခံပြီး ဆောင်ရွက်သလိုပဲ (၃)မိုင်နဲ့ (၅)ဖာလုံကိုတော့ ပြည်ထောင်စု ဖြည့်စွက် ငွေလုံး ငွေရင်း ရန်ပုံငွေ တင်ပြတောင်းခံပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စုစုပေါင်း ကျန်တဲ့မိုင်ဟာ (၂)မိုင်ပဲကျန်မှာဖြစ်ပါတယ်။ အဲဒီကျန်တဲ့ (၂)မိုင်ကိုတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ် ရန်ပုံငွေမှာ တင်ပြတောင်းခံပြီးတော့ ဆောင်ရွက်ဖို့ ကျွန်တော်တို့ စီစဉ်ထားတာ ဖြစ်ပါတယ်။ ဒီအပြင် ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့အထဲမှာပါဝင်တဲ့ တံတား(၉)စင်းကိုလည်းပဲ ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တင်ပြတောင်းခံပြီး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြအပ် ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအတွက်ကြောင့် ကျွန်တော်တို့ ရန်ပုံငွေ ရရှိပြီးဖြစ်တဲ့ငွေများနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကုန်မှာ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးအတွက် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ရှိသူအဆင့်ဆင့်မှ စနစ်တကျကြီးကြပ် ကွပ်ကဲသွားမည်ဖြစ်ပြီးတော့ လုပ်ငန်း ဆောင်ရွက်မှုအား အစီအစဉ်ဇယားများရေးဆွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ် ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ တတိယမေးခွန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးနု မေးမြန်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး ဒဂုံအရှေ့မြို့နယ်၊ ဒဂုံတောင်မြို့နယ်နဲ့ ဒဂုံဆိပ်ကမ်းမြို့နယ်များမှာရှိတဲ့ နိုင်ငံ့ဝန်ထမ်းများအား ချထားပေးတဲ့ အိမ်ခြံမြေကွက်များတွင် အဆောက်အအုံများ ဆောက်လုပ်နေထိုင်နိုင်ရန် နိုင်ငံတော်က ဆောင်ရွက်ပေးမည့် အစီအစဉ်နှင့် စတင်ဆောင်ရွက်ပေးမည့်ကာလတို့ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းနဲ့ ဒဂုံမြို့သစ်ဆိပ်ကမ်း မြို့နယ်များမှာ နိုင်ငံ့ဝန်ထမ်းများကို လုပ်သက်အပေါ် မူတည်ပြီးတော့ အငြိမ်းစားယူတဲ့အချိန်မှာ ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အိမ် နေထိုင်နိုင်ကြစေလိုတဲ့ ကောင်းမွန်တဲ့ ရည်ရွယ်ချက်နဲ့ မြို့ရွာနဲ့ အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ပေ (၄၀x၆၀) မြေကွက်များ ဖော်ထုတ်ပြီးတော့ ဝန်ကြီးဌာနအလိုက် ဝန်ထမ်းမြေကွက်များ နေရာချထားပေးခဲ့တာဖြစ်ပါတယ်။ ဒဂုံမြို့သစ်တည်ဆောက်ရေးအကောင်အထည်ဖော်ခဲ့တဲ့ ၁၉၉၁ မှ ၁၉၉၈-၁၉၉၉ ကာလအတွင်း မြို့ရွာနဲ့အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန က မြေသားလမ်းအဆင့်၊ ဂဝံကျောက်လမ်းအဆင့် မြေသားရေမြောင်းနဲ့ Pipe Culvert များဆောင်ရွက်ပေးခဲ့ပြီးတော့ Residential Area သတ်မှတ်ပေးပြီးတော့ မြေကွက်များဖော်ထုတ်နေရာချထားခဲ့ခြင်း ဖြစ်ပါတယ်။ မြေကွက်ဖော်ထုတ်ရာမှာလည်း ကုန်ကျတဲ့ မြေစည်ပင်ဖွံ့ဖြိုးရေးစရိတ်ကို ပေ(၄၀x၆၀) မြေတစ်ကွက်လျှင် ကျပ်(၁၂၀၀၀)သာ သတ်မှတ်ကောက်ခံပြီး မြေချပါမစ်နဲ့ အိမ်ဆောက်လုပ်ခွင့် တစ်ပါတည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းများကို နေရာချထားပေးတဲ့ မြေကွက်များမှာ မြို့သစ်စီမံကိန်း မဆောင်ရွက်မီက လယ်မြေများဖြစ်ပြီးတော့ ဒဂုံမြို့သစ်စီမံကိန်းဆောင်ရွက်ရန် လန(၃၉) ခွင့်ပြုပေးထားတဲ့ လူနေမြေကွက်များဖြစ်ပါတယ်။ မြို့ရွာနဲ့အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနအနေနဲ့ အခြေခံအဆောက်အအုံ၊ လမ်း၊ ရေမြောင်းဆောင်ရွက်ပေးခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ မြေစီမံခန့်ခွဲမှုလွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါတယ်။ သို့ရာတွင် လမ်းပန်းဆက်သွယ်ရေးနဲ့ သယ်ယူပို့ဆောင်ရေး ဝေးလံခက်ခဲတဲ့၊အစွန်အဖျားကျတဲ့မြေတိုင်း ရပ်ကွက်များမှာစည်ပင်ဖွံ့ဖြိုးလာခြင်းမရှိဘဲ နေအိမ်ဆောက်လုပ်နေထိုင်မှု နည်းပါးသော မြေကွက်လွတ်များအဖြစ်သာ ကာလကြာမြင့်စွာ ရှိနေခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူနေမြေကွက်များမှာ နေအိမ်များဆောက်လုပ်နေထိုင်ရန် လိုအပ်ချက်မှာ ရာသီမရွေး မော်တော်ကားဝင်ထွက်သွားလာနိုင်သော လမ်းများခင်းပေးရန်၊ ရေနုတ်မြောင်းစနစ်ကောင်းမွန်အောင် ပြုပြင်ပေးရန်၊ လျှပ်စစ်မီးရရှိရန်၊ သောက်သုံးရေရရှိရန် စတဲ့ အခြေခံ အဆောက်အအုံ (Infrastructure) တည်ဆောက်ပေးရန်အတွက် ရန်ပုံငွေခွင့်ပြု ပံ့ပိုးကူညီပေးရန်ဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးဝန်ထမ်း ဆရာ/ဆရာမများကို ချထားပေးတဲ့ မြေကွက်များအပါအဝင် ဝန်ထမ်းမြေကွက် အများအပြားမှာ အိမ်မဆောက်ရသေးဘဲ လယ်စိုက်ပျိုးနေဆဲအနေအထားကို တွေ့ရတာဖြစ်ပါတယ်။ အဆိုပါမြေကွက်များမှာ နေအိမ်များဆောက်လုပ်နေထိုင်နိုင်အောင် အခြေခံ အဆောက်အအုံ၊ လမ်း၊ ရေမြောင်း၊ လျှပ်စစ်နဲ့ ရေပေးစနစ်၊ သယ်ယူပို့ဆောင်ရေးစနစ်များ လိုအပ်နေတဲ့အတွက် ပြည်ထောင်စုရန်ပုံငွေမှဖြစ်စေ၊ တိုင်းဒေသကြီးအစိုးရရဲ့ ရန်ပုံငွေမှဖြစ်စေ ရန်ပုံငွေခွင့်ပြုပေးခြင်း၊

သက်ဆိုင်ရာဌာနအသီးသီးကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊ ဘတ်စ်ကားများပြေးဆွဲနိုင်အောင် စီစဉ်ပေးခြင်းများ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အနေနဲ့ ပြည်ထောင်စုအစိုးရမှ ငွေလုံးငွေရင်းရန်ပုံငွေ ခွင့်ပြုချက်တင်ပြတောင်းခံ၍ ရန်ပုံငွေ ခွင့်ပြုချက်ရရှိပါက (Infrastructure) တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း လေးစားစွာရှင်းလင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသား လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ၁၉၄၇ ခုနှစ် အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားနိုင်ရန် ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း ကအဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေဟာ ယခင်အစိုးရအတွက် ကာလအပိုင်းအခြားတစ်ခုအတွင်း အသုံးပြုရန်လိုအပ်သော မြေ၊ အဆောက်အအုံနဲ့ သိုလှောင်ရုံများကို အမိန့်စာဖြင့် အတင်းအကြပ်တောင်းဆို၍ အသုံးပြုနိုင်ရန်ဖြစ်ပြီး အသုံးပြုသည့်အတွက် ငှားရမ်းခ၊ အသုံးပြုခ ပေးနိုင်ရန်ပြဋ္ဌာန်းထားတဲ့ အက်ဥပဒေဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်ဟာ နိုင်ငံသားများရဲ့ တရားဝင် ပိုင်ဆိုင်ခွင့်ရရှိထားတဲ့ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေအရ အကာအကွယ်ပေးရမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၆ မှာ ပြဋ္ဌာန်းထားခြင်း၊ လက်ရှိအခြေအနေမှာ ဒီမိုကရေစီစနစ်သို့ ဖော်ဆောင်ကျင့်သုံးနေချိန်တွင် အဆိုပါ အက်ဥပဒေမှာ လက်ရှိအခြေအနေနှင့် ကိုက်ညီမှုမရှိသဖြင့် ပြည်သူများက ပြန်လည်ရုပ်သိမ်းရန် လိုလားလျက် ရှိခြင်းတို့ကြောင့် ၁၉၄၇ခုနှစ် အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသင့်ကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ ၁၉၄၇ ခုနှစ် အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေအကြံပြုချက်တောင်းခံခဲ့ရာ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အထူး

မှတ်ချက်ပြုရန်မရှိပါကြောင်းနဲ့ ရေးထုံးရေးနည်းမှန်ကန်စေရန် ရုပ်သိမ်းတဲ့ဥပဒေကြမ်းအား ပြင်ဆင်၍ ပေးပို့လာသဖြင့် နိုင်ငံတော်သမ္မတရုံးသို့ လမ်းညွှန်မှုခံယူတင်ပြခဲ့ပါတယ်။ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ခေတ်ကာလနှင့် ဆီလျော်ညီညွတ်မှု မရှိတော့သည့်အတွက် နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့မှ အထူးတင်ပြရန်မရှိကြောင်း နိုင်ငံတော်သမ္မတရုံးမှ ပြန်လည်အကြောင်းကြားချက်အား လက်ခံရရှိပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၁၉၄၇ ခုနှစ် အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဥ်းစားနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီးက ၁၉၄၇ ခုနှစ် အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဥ်းစားရန်အဆိုကို စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကံညွန့်မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လက်ခံ ဆွေးနွေးစဥ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဥ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။

၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေး စဥ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း(အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်း သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဦးမောင်အေးထွန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၉)မှ လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးမောင်အေးထွန်းဖြစ်ပါတယ်။ ကျွန်တော်မှ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏<br>၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ)အက်ဥပဒေကို<br>ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁ /၂၀၁၄ - ၄၅၁

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေး နိုင်ရန် ၂၂-၉-၂၀၁၄ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသား လွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ၂၆ - ၉ - ၂၀၁၄ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေ The Requisitioning (Emergency Provisions) Act, 1947 သည် ၂၈-၇-၁၉၄၇ ရက်နေ့မှစ၍ အာဏာတည်သဖြင့် လွတ်လပ်ရေးမရမီ ကာလက ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဤဥပဒေသည် ထိုစဉ်က ခေတ်ကာလအခြေအနေအရ အစိုးရအတွက် ကာလအပိုင်းအခြားတစ်ခုအတွင်း အသုံးပြုရန် လိုအပ်သော မြေ၊ အဆောက်အအုံနှင့် သိုလှောင်ရုံများကို အမိန့်စာဖြင့် အတင်းအကြပ် တောင်းဆို၍ ငှားရမ်းအသုံးပြုရန် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကျင့်သုံးနေသော လက်ရှိအခြေအနေတွင် အဆိုပါအက်ဥပဒေကို ကိုင်တွယ်ကျင့်သုံး ဆောင်ရွက်ရန် ခေတ်အခြေအနေနှင့် ကိုက်ညီမှုမရှိတော့သဖြင့် ရုပ်သိမ်းသည့် ဥပဒေကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၇-၁၀-၂၀၁၄ (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီ အချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၇။**

**ဗိုလ်မှူးကြီးခင်စိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ပြည်ထောင်စု အဖွဲ့အစည်းဝင်များနှင့် ကော်မရှင်အဖွဲ့ဝင်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုးဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ ရုပ်မြင် သံကြား နှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဖတ်ကြား တင်ပြသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ်

စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/ ၂၀၁၄ - ၃၃၉

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော်သို့ စတင်ဆွေးနွေးနိုင်ရန် ၂၆ - ၂ - ၂၀၁၄ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေ ကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၃ - ၉ - ၂၀၁၄ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းပြီး ဖြစ်ပါတယ်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) မူလဥပဒေကြမ်း နိဒါန်းကို ပယ်ဖျက်၍ ဥပဒေရေးထုံးနှင့် မှန်ကန်ညီညွတ်စေရန်အတွက် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြောင်းလဲပြင်ဆင်သင့်ပါသည်၊ မူလဥပဒေကြမ်း အခန်း (၁) အခန်း ခေါင်းစဉ်တွင် ပါရှိသော အမည်၊ စတင်အာဏာတည်ခြင်း၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ ဆိုသည့် စကားရပ်ကို အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ လက်တွေ့ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့် ညီညွတ်မှုရှိစေရန်အတွက် မူလဥပဒေကြမ်းအပိုဒ် ၂(ဃ)တွင် ပါရှိသော မီဒီယာဆိုင်ရာ အခြေခံမူများကို လိုက်နာဖော်ဆောင်ရေးအတွက် နိုင်ငံတော်ပိုင် မီဒီယာကို ပြောင်းလဲဖွဲ့စည်းထားသော အများပြည်သူဝန်ဆောင်မှု ဆိုသည့်စကားရပ်ကို မီဒီယာဆိုင်ရာ အခြေခံမူများကို လိုက်နာဖော်ဆောင်သော ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်၂(င) တွင်ပါရှိသော မြန်မာနိုင်ငံသားများက ဦးစီးဆောင်ရွက်သော သို့မဟုတ် မတည်ရင်းနှီးငွေ၏ ၃၀ ရာခိုင်နှုန်းထက် မပိုသော ရင်းနှီးမြှုပ်နှံမှုဖြင့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းများက စီးပွားရေးအကျိုးအမြတ်အတွက်" ဆိုသည့် စကားရပ်ကို မြန်မာနိုင်ငံသားများက ဦးစီးဆောင်ရွက်သော သို့မဟုတ် တည်ဆဲဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုဖြင့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းများက ဆောင်ရွက်သောဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အသုံးအနှုန်း မှန်ကန်မှုရှိစေရန်နှင့် လုပ်ငန်းဆောင်ရွက်သူများ ပိုမို ပါဝင်နိုင်စေရန်အတွက် အပိုဒ် ၅(က)၊(ခ)နှင့် (ဆ)တို့ကို အောက်ပါအတိုင်း ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

| | | | |
|---|---|---|---|
| ၅။ | (က) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| | (ခ) | ပြည်ထောင်စုဝန်ကြီး<br>ဆက်သွယ်ရေးသတင်းအချက်အလက်နှင့်<br>နည်းပညာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| | (ဆ) | ကိုယ်စားလှယ်တစ်ဦး<br>အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့်<br>အသံလွှင့်လုပ်ငန်းများ | အဖွဲ့ဝင် |

( ခ) အဓိပ္ပာယ်ပိုမိုပြည့်စုံစေရန်နှင့် မြန်မာစာရေးထုံးနှင့် ညီညွတ်မှုရှိစေရန်အတွက် အပိုဒ် ၉(က)တွင် ပါရှိသော ရာထူးတာဝန်တစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူ ဆိုသည့် စကားရပ်ကို ရွေးချယ်ခံ ရာထူးတာဝန်တစ်ခုခုတွင် တာဝန်ထမ်းဆောင်

နေသူ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၉(ခ)တွင်ပါ ရှိသော အစိုးရအဖွဲ့အစည်း တစ်ခုခုတွင် ခန့်အပ်တာဝန် ပေးခြင်းခံရသူ ဆိုသည့် စကားရပ်ကို နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေမှ ချီးမြှင့်ငွေတစ်ရပ်ရပ်ကို ခံစားနေသူ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ကောင်စီဖွဲ့စည်းရာတွင် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာ နယ်ပယ်များမှ ပညာ ရှင်များ ပါဝင်နိုင်စေရန်အတွက် အပိုဒ် ၁၁ တွင်ပါရှိသော ဘဏ္ဍာရေးဆိုင်ရာ နယ်ပယ်များတွင် ပညာရေးဆိုင်ရာ ကျွမ်းကျင်မှု ဆိုသည့် စကားရပ်ကို ဘဏ္ဍာရေး ဆိုင်ရာနယ်ပယ်များ၊ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာနယ်ပယ်များတွင် ပညာရပ် ဆိုင်ရာကျွမ်းကျင်မှု ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က အဖွဲ့ဝင်လောင်း အရေအတွက် တူညီစွာ အဆိုပြုနိုင်ရန်အတွက် အပိုဒ် ၁၂ တွင် ပါရှိသော နိုင်ငံတော် သမ္မတက ရွေးချယ်ထားသည့် အဖွဲ့ဝင်ကိုးဦးနှင့် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်ထားသည့် အဖွဲ့ဝင်ကိုးဦး စုစုပေါင်း ၁၈ ဦးကို ပဏာမရွေးချယ်ရမည်ဆိုသည့်စကားရပ်ကို ကောင်စီဖွဲ့စည်းရန်အတွက် နိုင်ငံတော်သမ္မတက အဆိုပြုသည့် အဖွဲ့ဝင် ၆ ဦး၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုသည့် အဖွဲ့ဝင် ၆ ဦးနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပြုသည့် အဖွဲ့ဝင် ၆ ဦး စုစုပေါင်း ၁၈ ဦးကို ပဏာမရွေးချယ်ရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၅ တွင် ပါရှိသော ကောင်စီဝင်များက လွတ်လပ်စွာ ဆန္ဒမဲပေး၍ ဆိုသည့် စကားရပ်ကို ကောင်စီဝင်များက လျှို့ဝှက်စွာ ဆန္ဒမဲပေး၍ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၉(က)တွင် ပါရှိသော ကောင်စီ၏ သက်တမ်းသည် ငါးနှစ်ဖြစ်သည် ဆိုသည့်စကားရပ်ကို ကောင်စီ၏ သက်တမ်းသည် စတင်ခန့်အပ်သည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၈(ခ)နှင့် အပိုဒ် ၂၀(ခ)တို့တွင် ပါရှိသော အခြားပါတီ ဆိုသည့် စကားရပ်ကို နိုင်ငံရေးပါတီ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၀(ဂ) တွင် ပါရှိသော လုံလောက်သည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဆိုသည့် စကားရပ်ကို လုံလောက်သည့် စိတ်ပိုင်းဆိုင်ရာ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်၂၀(ဃ) တွင်ပါရှိသော တစ်ဆက်တည်း ငါးလထက်ပို၍ ဆိုသည့်စကားရပ်ကို တစ်ဆက်တည်း သုံးလထက် ပို၍ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၄(ဃ) တွင် ပါရှိသော ရေးသားရန် အဖွဲ့ဝင်တစ်ဦးအား ဆိုသည့် စကားရပ်ကို ရေးသားမှုကို ကြီးကြပ်ရန်အဖွဲ့ဝင်တစ်ဦးအားဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၅တွင်ပါရှိသော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို တက်ရောက်လာသည့်အဖွဲ့ဝင်များ၏ ဆန္ဒမဲပေါ်တွင် အခြေခံ၍ ဆုံးဖြတ်ရမည် ဆိုသည့်စကားရပ်ကို ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်ရန် ရှိပါက စုံညီအစည်းအဝေးတွင် တင်သွင်း၍ ဆန္ဒမဲပေါ်တွင် အခြေခံ၍ ဆုံးဖြတ်ရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်၂၉(က)တွင် ပါရှိသော နိုင်ငံတော်၏ ထောက်ပံ့ငွေ ဆိုသည့် စကားရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ထောက်ပံ့ငွေ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်းအသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) အခန်း(၄) အခန်းခေါင်းစဉ် တွင်ပါရှိသော ကောင်စီဖွဲ့စည်းခြင်း၊ ယင်း၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ ဆိုသည့် စကားရပ်ကို ကောင်စီဖွဲ့စည်းခြင်း၊ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ တည်ဆဲ ဥပဒေများနှင့် ညီညွတ်မှုရှိစေရန်အတွက် အပိုဒ် ၆(က) ၊ (ခ)၊(င)၊ အပိုဒ် ၂၂၊ အပိုဒ် ၃၆(ခ)(၅)၊ အပိုဒ် ၃၇ (က) (၈)၊ အပိုဒ် ၄၀ခြေဆင်းစာသား၊ အပိုဒ်၄၀(ဂ)၊ အပိုဒ် ၄၆တို့တွင် ဖော်ပြထား ချက်များကို လည်းကောင်း၊ အပိုဒ် ၅၉(ခ)ကို အပိုဒ် ၅၈(ခ)အဖြစ် ပြောင်းလဲအမှတ်စဥ်၍ လည်းကောင်း၊ အပိုဒ် ၆၁ ကို အပိုဒ် ၆၀ အဖြစ် ပြောင်းလဲအမှတ်စဥ်၍လည်းကောင်း၊ အရေးအသား ကျစ်လျစ်မှုရှိစေရန်အတွက် အောက်ပါအတိုင်း အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၆။ (က) အမျိုးသား ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံချက်နှင့် မူဝါဒများကို ကောင်စီနှင့် ညှိနှိုင်းရေးဆွဲချမှတ်ခြင်း၊

(ခ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလှိုင်းနှုန်းစဉ် စီမံခန့်ခွဲခြင်းဆိုင်ရာ စီမံချက်ကို ကောင်စီနှင့် အခြားဆက်စပ်အဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲထုတ်ပြန်ခြင်း၊

(င) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းလိုင်စင်နှုန်းထားသတ်မှတ်ခြင်း၊ ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်း၊ လိုင်စင်ရုပ်သိမ်းခြင်းတို့ကို ကောင်စီ၏ သဘောထားမှတ်ချက်ဖြင့် ဆောင်ရွက်ခြင်း၊

၂၂။ ကောင်စီဝင်တစ်ဦးသည် ပုဒ်မ ၂၀ အရ တာဝန်မှရပ်စဲရန် ဆုံးဖြတ်ခံရလျှင် ရှင်းလင်းချေပခွင့်ရှိသည်။

၃၆။ (ခ) (၅) ကောင်စီက သတ်မှတ်ထားသည့် လိုအပ်ချက်များ။

၃၇။ (က) (၈) ကောင်စီက သတ်မှတ်သော အခြားသတ်မှတ်ချက်များ။

၄၀။ ကောင်စီသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းလိုင်စင်သက်တမ်းတိုးပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ လိုင်စင်သက်တမ်းကာလအတွင်း အောက်ပါအချက် တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက ကောင်စီသည် သက်တမ်းတိုးထောက်ခံချက် ထုတ်ပေးရန် ငြင်းပယ်နိုင်သည် -

(ဂ) လိုင်စင်သက်တမ်းတိုးပေးရန်မသင့်သည့် အများပြည်သူ အကျိုးစီးပွားနှင့် ဆန့်ကျင်သော အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ခြင်း။

၄၆။ အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းသည် ပြည်သူအတွက်ဖြစ်ပြီး၊ ပြည်သူ့ရန်ပုံငွေဖြင့် လည်ပတ်၍ ပြည်သူက ကြီးကြပ်ကွပ်ကဲခြင်းပြုသည့် လုပ်ငန်းဖြစ်သည်။ ယင်းသည် နိုင်ငံရေးအရ စွက်ဖက်မှုနှင့် စီးပွားရေး အင်အားစုများ၏ဖိအားမှ ကင်းလွတ်သည့် အဖွဲ့အစည်း

ဖြစ်ရမည်။ အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းမှတစ်ဆင့် နိုင်ငံသားများအား ပြန်ကြားပေးခြင်း၊ ပညာပေးခြင်းနှင့် ဖျော်ဖြေပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

၅၈။ (ခ) ပြည်တွင်း၊ ပြည်ပမှ ပူးပေါင်းဆောင်ရွက်သူများ၏ နှောင်ကြိုးမဲ့လှူဒါန်းမှုများ။

၆၀။ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် သက်ဆိုင်ရာ လူမှုအသိုက်အဝန်း၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် အစီအစဉ်များနှင့် မူဝါဒများကို ဆွေးနွေး ညှိနှိုင်းရန်၊ အခက်အခဲများ၊ ပြဿနာများနှင့် ယင်းတို့ကို ကိုင်တွယ် ဖြေရှင်းနည်းများကို စုပေါင်းညှိနှိုင်းသုံးသပ်ရန်နှင့် ဘဏ္ဍာရေးအခြေအနေ အပါအဝင် လုပ်ငန်းဆောင်ရွက်ပြီးမြောက်မှု အစီရင်ခံစာများကို တင်ပြနိုင်ရန်၊ အဆိုပါ လူမှုအသိုက်အဝန်းတွင် ပါဝင်သူများ၊ ကိုယ်စားလှယ်များ စုံညီပါဝင်သော အစည်းအဝေးပွဲများကို အနည်းဆုံး တစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပပေးရမည်။

(ဃ) အပိုဒ်၃၂(က)(၂)တွင်ပါရှိသော ပြီးခဲ့သောနှစ်အတွင်း အဓိက အောင်မြင်မှုများ ဆိုသည့် စကားရပ်ကို အထက်အပိုဒ်ခွဲငယ် (၁)ပါ အကောင် အထည်ဖော်ဆောင်ရွက်နိုင်မှုများ၏ အားသာချက် အားနည်းချက်များ ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ် ၃၂ (ခ)တွင်ပါရှိသော နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးဌာနသို့ ဆိုသည့် စကားရပ်ကို နိုင်ငံတော်သမ္မတ၊ အဖွဲ့နှင့်ဝန်ကြီးဌာနသို့ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၇ (ခ)တွင် ပါရှိသော အဆိုပြုချက်များကို လိုင်စင် လျှောက်ထားစဉ်ကအတိုင်း ပြောင်းလဲခြင်းမပြုရ ဆိုသည့်စကားရပ်ကို အဆိုပြုချက်များသည် လိုင်စင်လျှောက်ထားစဉ်က အတိုင်းသာဖြစ်စေရမည်၊ အခြားပြုပြင်ပြောင်းလဲမှုတစ်စုံတစ်ရာ ဆောင်ရွက်ခွင့်မရှိစေရ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၃၈ တွင် ပါရှိ သော ဝန်ဆောင်မှုလုပ်ငန်းများသည် ဆိုသည့်စကားရပ်ကို ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများသည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၄၄ တွင်ပါရှိသော ရပ်ဆိုင်းထားခြင်းပြုလျှင် ဆိုသည့် စကားရပ်ကို လုပ်ငန်းကိုရပ်ဆိုင်းထားခြင်းပြုလျှင် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းတွင် နိုင်ငံသားနှင့်နိုင်ငံခြား လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံပိုင်ခွင့်ကို တည်ဆဲရင်းနှီးမြှုပ်နှံမှုဥပဒေများနှင့် ညီညွတ်မှုရှိစေရန်အတွက် အပိုဒ် ၄၉ ကို အပိုဒ် ၄၈ အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင်ပါရှိသော စုစုပေါင်း မတည်ရင်းနှီးငွေ၏ ၃၀ ရာခိုင်နှုန်း ထက်မပိုသော ရင်းနှီးမြှုပ်နှံမှုဖြင့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းများ၏ ရင်းနှီးမြှုပ်နှံမှုကိုလည်း ခွင့်ပြုနိုင်သည်ဆိုသည့်စကားရပ်ကို နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းများ၏ ရင်းနှီးမြှုပ်နှံမှုကိုလည်း တည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုနိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၀ ကို အပိုဒ် ၄၉ အဖြစ် ပြောင်းလဲအမှတ်စဉ်

ပြီး ယင်းတွင်ပါရှိသော ကောင်စီသို့တင်ပြပြီး ခွင့်ပြုချက်ရယူရမည် ဆိုသည့်စကားရပ်ကို ကောင်စီသို့ တင်ပြရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၄(ခ)ကို အပိုဒ် ၅၃(ခ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ပါရှိသော ကူညီပံ့ပိုးမှု ဆိုသည့် စကားရပ်ကို စီးပွားရေးဆိုင်ရာ ထောက်ပံ့ မှုများဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၅၅ ကို အပိုဒ် ၅၄ အဖြစ်ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင် ပါရှိသော နှစ်ချုပ်အစီရင်ခံစာကို ဆိုသည့်စကားရပ်ကို နှစ်ချုပ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးအစီရင်ခံစာတို့ကို ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ စီးပွားဖြစ် မဟုတ်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းများတွင် တိုင်းရင်းသား အစီအစဉ်များ ပိုမိုပါဝင်နိုင်စေရန်အတွက် အပိုဒ် ၅၆ (ခ)ကို အပိုဒ် ၅၅(ခ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ပါရှိသော အဓိကဦးတည်ချက်သည် သတ်မှတ် အဝန်းအဝိုင်းနှင့် လူ့အဖွဲ့အစည်းအတွက် ဆိုသည့်စကားရပ်ကို အဓိကဦးတည်ချက် သည် တိုင်းရင်းသားများ၊ သတ်မှတ်အဝန်းအဝိုင်းနှင့် လူ့အဖွဲ့အစည်းအတွက် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၆၂ (က)ကို အပိုဒ် ၆၁(က) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ပါရှိသော နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ ဆိုသည့် စကားရပ်ကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၆၃ ကို အပိုဒ် ၆၂ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ပါရှိသော နှစ်ချုပ် အစီရင်ခံစာကို ကောင်စီသို့ တင်သွင်းရမည် ဖြစ်သည်ဆိုသည့်စကားရပ်ကို နှစ်ချုပ်အစီရင်ခံစာနှင့် နှစ်ချုပ် ဘဏ္ဍာရေးအစီရင်ခံစာတို့ကို ကောင်စီသို့တင်သွင်း ရမည်ဖြစ်သည်၊ ကောင်စီသည် နှစ်ချုပ်ဘဏ္ဍာရေးအစီရင်ခံစာကို လျှို့ဝှက်အဆင့် သတ်မှတ်သိမ်းဆည်းထားရမည် ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ် ၆၇ကို အပိုဒ် ၆၆ အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင် ပါရှိသော နှစ်ချုပ်အစီရင်ခံစာကို ကောင်စီ သို့ တင်သွင်း ရမည်။ ယင်းအစီရင် ခံစာ၌ အပိုဒ် ၅၅ တွင် ဖော်ပြထားသည့်ကဏ္ဍများနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပါဝင်ရမည်ဆိုသည့်စကားရပ်ကို နှစ်ချုပ်အစီရင် ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး အစီရင်ခံစာတို့ကို ကောင်စီသို့ တင်သွင်းရမည်၊ ယင်းအစီရင်ခံစာ၌ အပိုဒ် ၅၄ တွင် ဖော်ပြထားသည့် ကဏ္ဍများနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပါဝင်ရမည်။ ကောင်စီသည် နှစ်ချုပ်ဘဏ္ဍာရေးအစီရင်ခံစာကို လျှို့ဝှက်အဆင့်သတ်မှတ် သိမ်းဆည်းထားရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၆၉ ကို အပိုဒ် ၆၈ အဖြစ်ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင် ပါရှိသော မူဝါဒ အသစ်များနှင့် လုပ်ထုံးလုပ်နည်းအသစ်များကို ချမှတ်ပေးနိုင်သည်ဆိုသည့်စကားရပ် ကို လိုအပ်ချက်နှင့်အညီ ပြင်ဆင်သတ်မှတ်ပေးနိုင်သည် ဆိုသည့် စကားရပ် ဖြင့် လည်းကောင်း အသီးသီးပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

(ဂ) အပိုဒ် ၇၀(ခ)ကို အပိုဒ် ၆၉(ခ) အဖြစ်ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင်ပါရှိသော အချို့သော အစီစဉ်များတွင် ဆိုသည့်စကားရပ်ကို အစီအစဉ်ထုတ်လွှင့်မှုများတွင်" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၇၈ ကို အပိုဒ် ၇၇ အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်

များသည် အောက်ပါအချက်များ အပါအဝင် အစီအစဉ် အကြောင်းအရာများနှင့် ထုတ်လုပ်မှုဆိုင်ရာ စံနှုန်းများကို သတ်မှတ်ဖော်ဆောင်ရမည်ဆိုသည့် စကားရပ်ကို လုပ်ငန်းဆိုင်ရာလိုက်နာရမည့်ကျင့်ဝတ်များတွင် အောက်ပါအစီအစဉ် အကြောင်းအရာ များနှင့် ထုတ်လုပ်မှုဆိုင်ရာစံနှုန်းများ ပါဝင်စေရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၇၈ (ဈ)ကို အပိုဒ် ၇၇(ဈ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ပါရှိသော အားနည်းသည်အုပ်စုများအပေါ် ဆက်ဆံမှု ဆိုသည့်စကားရပ် ကို အားနည်းချက်ရှိသော အုပ်စုများအပေါ် ဆက်ဆံမှု ဆိုသည့်စကားရပ်ဖြင့်လည်း ကောင်း၊ အပိုဒ် ၈၄ ကို အပိုဒ် ၈၃ အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင် ပါရှိသော တရားရုံးသို့တိုင်ကြားမှုကဲ့သို့ ဥပဒေကြောင်းဆိုင်ရာ အရေးယူဆောင်ရွက်မှု များ ပြုလုပ်နိုင်သည်ဆိုသည့်စကားရပ်ကို ဥပဒေအကြောင်းအရလည်း တရားရုံးသို့ တိုက်ရိုက်လျှောက်ထားနိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၈၅ (က)ကို အပိုဒ်၈၄(က)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ပါရှိသော အမှန် တကယ် သိရှိပါကဆိုသည့်စကားရပ်ကို အမှန်တကယ် သိလျှင်သိချင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိ ရပါ သည်။

(စ) မူလဥပဒေကြမ်းအခန်း(၁၀)အခန်းခေါင်းစဉ်ဖြစ်သော စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် များဆိုသည့် စကားရပ်ကို ခေတ်စနစ်နှင့် လျော်ညီမှုရှိစေရန်အတွက် စီမံခန့်ခွဲရေး ဆိုင်ရာ အရေးယူမှုများဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၈၉ ကို အပိုဒ် ၈၈ အဖြစ်လည်းကောင်း၊ အပိုဒ်၉၀(က)၊(ခ)ကို အပိုဒ် ၈၉(က) (ခ)တို့ အဖြစ် လည်းကောင်း ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတို့တွင်ပါရှိသော ပြစ်ဒဏ်များချမှတ်နိုင် သည်ဆိုသည့် စကားရပ်ကို အရေးယူမှုများဆောင်ရွက်နိုင်သည် ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ် ၉၂ ကို အပိုဒ် ၉၁ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတို့တွင်ပါရှိသော စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်သည့် ဒဏ်ကြေးငွေများကို ဆိုသည့် စကားရပ်ကို စီမံခန့်ခွဲရေးဆိုင်ရာအရေးယူ ဆောင်ရွက်မှုအရ ပေးဆောင်ရသည့် ဒဏ်ကြေးငွေ များကို ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၀၂ ကို အပိုဒ် ၁၀၁ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ပါရှိသော ယင်းသတ်မှတ် ကာလ အတွင်းဆိုသည့် စကားရပ်ကို အပိုဒ် ၁၀၀ ပြဋ္ဌာန်းချက်ပါ ကာလအတွင်း ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၀၄ ကို ဥပဒေ အပိုဒ်၁၀၃ အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင်ပါရှိသော ဤဥပဒေအတည်ပြုပြဋ္ဌာန်းသည့်ဆိုသည့် စကားရပ် ကို ဤဥပဒေပြဋ္ဌာန်းသည့် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(ဆ) မူလဥပဒေကြမ်း အပိုဒ် ၁(ခ)၊ (ဂ)၊ အပိုဒ်၂(ထ)၊ အပိုဒ် ၈(ဂ)အပိုဒ် ၄၇ တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ပါကြောင်းနှင့် အပိုဒ် ၉(ဃ)၏ အောက်တွင် အပိုဒ်ခွဲ(င) အဖြစ်လည်းကောင်း၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းဆိုင်ရာ လိုက်နာ ရမည့် ကျင့်ဝတ်များတွင် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို လေးစားလိုက်နာ ကျင့်သုံးမှုရှိစေရန်အတွက် အမှတ်စဉ်ပြောင်းလဲ ပြင်ဆင်ထားသည့် အပိုဒ် ၇၇၊

အပိုဒ်ခွဲ(ဈ)၏အောက်တွင် အပိုဒ်ခွဲ (ည) အဖြစ်လည်းကောင်း၊ ကောင်စီဝင်များသည် တာဝန်ထမ်းဆောင်ချိန်၌ ပြည်သူ့ဝန်ထမ်းအဖြစ် မှတ်ယူနိုင်စေရန်အတွက် အပိုဒ် ၁၀၃ ၏အောက်တွင် အပိုဒ် ၁၀၄ အဖြစ်လည်းကောင်း အောက်ပါအတိုင်း အသီးသီး အသစ်ဖြည့်စွက်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်-

၉။ (ဋ) စိတ်ပေါ့သွပ်သည်ဟု ဥပဒေအရ သတ်မှတ်ခြင်းခံရသူ

၇၇။ (ည) လူအခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊

၁၀၄။ ကောင်စီဝင်များသည် ဤဥပဒေအရ ပေးအပ်သော တာဝန်ကို ထမ်းဆောင်ချိန်တွင် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည်။

(ဇ) ထိုက်သင့်သည့် ငွေဒဏ်ချမှတ်မှုများဖြစ်စေရန်နှင့် ပြစ်မှုနှင့်တိုက်ရိုက်သက်ဆိုင်သည့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရန်အတွက် မူလဥပဒေကြမ်း အပိုဒ် ၉၇ တွင်ပါရှိသော အများဆုံး ကျပ်သိန်းငါးရာအထိ ငွေဒဏ်ချမှတ်ရမည်ဖြစ်ပြီးဆိုသည့် စကားရပ်ကိုငွေဒဏ်ကျပ်သိန်းသုံးရာမှ ကျပ်သိန်းငါးရာအထိ ချမှတ်ရမည့်အပြင် ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး အပိုဒ် ၉၆ အဖြစ်လည်းကောင်း၊ အပိုဒ် ၉၈ တွင်ပါရှိသော အများဆုံးကျပ်သိန်း တစ်ရာ အထိ ငွေဒဏ်ချမှတ်ရမည် ဆိုသည့် စကားရပ်ကို ငွေဒဏ် ကျပ်သိန်းငါးဆယ်မှ ကျပ်သိန်းတစ်ရာအထိ ချမှတ်ရမည် ဆိုသည့်စကားရပ်ဖြင့်အစား ထိုးပြီး အပိုဒ် ၉၇ အဖြစ်လည်းကောင်း၊ အပိုဒ် ၉၉ တွင် ပါရှိသော ကျပ်သိန်း သုံးရာအထိငွေဒဏ်ချမှတ်ရမည်ဖြစ်ပြီး ဆိုသည့် စကားရပ်ကို ငွေဒဏ် ကျပ်သိန်းတစ်ရာမှ ကျပ်သိန်းသုံးရာ အထိချမှတ်ရမည့်အပြင် ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး အပိုဒ် ၉၈ အဖြစ်လည်းကောင်း၊ အပိုဒ် ၁၀၀ တွင်ပါရှိသော အများဆုံး ကျပ်သိန်းသုံးရာ အထိငွေဒဏ်ချမှတ်ရမည် ဆိုသည့် စကားရပ်ကို ငွေဒဏ် ကျပ်သိန်းသုံးရာမှ ကျပ်သိန်းငါးရာအထိ ချမှတ်ရမည့်အပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သောပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည် ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး အပိုဒ် ၉၉ အဖြစ်လည်းကောင်း အသီးသီး ပြန်လည် အမှတ်စဥ်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဈ) မြန်မာစာလုံးပေါင်း သတ်ပုံမှန်ကန်မှုရှိစေရန် လိုအပ်သည်များကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားနှင့် ပူးတွဲတင်ပြအပ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်းကို ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါ၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအစီရင်ခံအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ဥပဒေကြမ်းကော်မတီက ပြန်ကြားရေးဝန်ကြီးဌာနနဲ့ အသေးစိတ် ညှိနှိုင်းထားတဲ့ အစီရင်ခံစာအပေါ်မှာ ပြည်ထောင်စုဝန်ကြီးက လွှတ်တော်ကို တင်ပြဖို့ရှိသလား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ၇-၃-၂၀၁၄ ရက်နေ့တွင် အဆိုတင်သွင်းပြီး ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက် မူလဥပဒေကြမ်း၏ နိဒါန်းနှင့် နိဒါန်းတွင် ဖော်ပြထားသော စကားရပ်အစား ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်း လိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အခန်း(၁)၊ ခေါင်းစဉ်

အခန်း(၁)

အမည် နှင့် အဓိပ္ပာယ်ဖော်ပြချက်

ဤဥပဒေကို ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ဟု ခေါ်တွင်စေရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁) ခေါင်းစဉ် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁) ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၂(ဃ)(င)

၂။ (ဃ) အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း ဆိုသည်မှာ အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ အခြေခံမူများကို လိုက်နာ ဖော်ဆောင်သောရုပ်မြင်သံကြားနှင့်အသံ ထုတ်လွှင့်ခြင်း လုပ်ငန်းကို ဆိုသည်။

(င) စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းဆိုသည်မှာ မြန်မာနိုင်ငံသားများက ဦးစီးဆောင်ရွက်သော သို့မဟုတ် တည်ဆဲဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုဖြင့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းများက ဆောင်ရွက်သော စီးပွားရေး အကျိုးအမြတ်အတွက် ရုပ်မြင် သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းနှင့် ယင်းလုပ်ငန်းနှင့် ဆက်စပ် သည့် အခြားလုပ်ငန်းများ ဆောင်ရွက်ခြင်းကိုဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(ဃ)(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ဃ)(င)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၅

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန၊ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန၊ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီ | အဖွဲ့ဝင် |
| (ဆ) | ကိုယ်စားလှယ်တစ်ဦး<br>အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့်<br>အသံလွှင့်လုပ်ငန်းများ | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး<br>ညွှန်ကြားရေးမှူးရုံး၊<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ကိုယ်စားလှယ်တစ်ဦး<br>ရုပ်သံလွှင့်လုပ်ငန်းရှင်များ | အဖွဲ့ဝင် |
| (ည) | ကိုယ်စားလှယ်တစ်ဦး<br>ကွန်ပျူတာပညာရှင်များအသင်း | အဖွဲ့ဝင် |

(ဍ) ညွန်ကြားရေးမှူးချုပ် အတွင်းရေးမှူး

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၆(က)(ခ)( င)

၆။ အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း ရေရှည်ဖွံ့ဖြိုး တိုးတက်ရေး မဟာဗျူဟာ စီမံချက်နှင့် မူဝါဒများကို ကောင်စီနှင့်ညှိနှိုင်း ရေးဆွဲချမှတ်ခြင်း၊

( ခ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လိုင်းနှုန်းစဉ် စီမံခန့်ခွဲခြင်းဆိုင်ရာ စီမံချက်ကို ကောင်စီနှင့် အခြားဆက်စပ်အဖွဲ့ အစည်းများနှင့် ညှိနှိုင်းရေးဆွဲ ထုတ်ပြန်ခြင်း၊

(င) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းလိုင်စင် နှုန်းထား သတ်မှတ်ခြင်း၊ ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်း၊ လိုင်စင်ရုပ်သိမ်းခြင်းတို့ကို ကောင်စီ၏ သဘောထားမှတ်ချက်ဖြင့် ဆောင်ရွက်ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆(က)(ခ)(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆(က)(ခ)(င)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၄)၊ အခန်းခေါင်းစဉ်

အခန်း(၄)

ကောင်စီဖွဲ့စည်းခြင်း၊ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)အခန်းခေါင်းစဉ် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)အခန်းခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်-

အပိုဒ် ၉(က)(ခ)(ဂ) (စ)(ဆ)

၉။ အောက်ပါပုဂ္ဂိုလ်များသည် ကောင်စီဝင်အဖြစ် ရွေးချယ်ခံ ပိုင်ခွင့်မရှိစေရ -

(က) နိုင်ငံရေးပါတီ၏ ဝန်ထမ်း သို့မဟုတ် ရွေးချယ်ခံ ရာထူးတာဝန်တစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူ၊

(ခ) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ချီးမြှင့်ငွေတစ်ရပ်ရပ်ကို ခံစားနေသူဟု ပြင်ဆင်ထားပါတယ်။

(ဂ) စိတ်ပေါ့သွပ်သည်ဟု ဥပဒေအရ သတ်မှတ်ခြင်းခံရသူဟု ဖြည့်စွက်ထားပါတယ်။

(စ) နိုင်ငံ့ဝန်ထမ်း၊

(ဆ) သာသနာ့ဝန်ထမ်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉(က)(ခ)(င)(စ)(ဆ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉(က)(ခ)(င)(စ)(ဆ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သာသနာ့ဝန်ထမ်းဆိုတာ ရှေ့ကအဓိပ္ပာယ် ရှင်းလင်း ဖွင့်ဆိုချက်မှာ ပါရဲ့လား။

**ဥက္ကဋ္ဌ**။ ။ အဲဒါဆို အခြေခံဥပဒေရဲ့ ပုဒ်မ တစ်ခုခုကို ညွှန်းရမယ်လေ၊ သာသနာ့ဝန်ထမ်း။ ဒါမှမဟုတ် (Definition) ထည့်ရမယ်။ ဟုတ်ပြီနော်၊ ပြီးတော့ နေလည်စာထမင်းစားဖို့ ခဏနားလိုက်မယ်။ နားတဲ့အချိန်မှာ ဒါလုပ်လိုက်။ သာသနာ့ဝန်ထမ်း ဆိုတာ ဘယ်ဘာသာရဲ့ သာသနာ့ဝန်ထမ်းလည်းဆိုတာ မေးစရာဖြစ်လာမယ်။ ဟုတ်ပြီလား။ ဒါလေး ခေတ္တဆိုင်းငံ့ထားပြီးတော့၊

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၅၊ အပိုဒ် ၁၈(ခ)

၁၁။ ကောင်စီကို ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ကဏ္ဍနှင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍတို့မှ ကျွမ်းကျင်သူများ၊ ဥပဒေ၊ စီးပွားရေး စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ နယ်ပယ်များ၊ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာနယ်ပယ်များတွင် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု သို့မဟုတ် လုပ်ငန်းအတွေ့အကြုံရှိသူအဖွဲ့ဝင် ကိုးဦးဖြင့် ကောင်စီကို ဖွဲ့စည်းမည်။

၁၂။ ကောင်စီဖွဲ့စည်းရန်အတွက် နိုင်ငံတော်သမ္မတက အဆိုပြုသည့် အဖွဲ့ဝင်ခြောက်ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုသည့် အဖွဲ့ဝင်ခြောက်ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပြုသည့် အဖွဲ့ဝင်ခြောက်ဦး စုစုပေါင်း ၁၈ ဦးကို ပဏာမ ရွေးချယ်ရမည်။

၁၅။ ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ကောင်စီဝင်များက လျှို့ဝှက်စွာ ဆန္ဒမဲပေး၍ ရွေးကောက် တင်မြှောက်ရမည်။

၁၈။ ကောင်စီဝင်များသည် -

(ခ) အများပြည်သူ အကျိုးစီးပွားအတွက် ရပ်တည်ရမည်ဖြစ်ပြီး မိမိကိုယ်ပိုင် အကျိုးစီးပွားအတွက်ဖြစ်စေ နိုင်ငံရေးပါတီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအတွက်ဖြစ်စေ မိမိ၏လုပ်ပိုင်ခွင့်ကို အလွဲသုံးစား မပြုရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၅၊ အပိုဒ် ၁၈(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၅၊ အပိုဒ် ၁၈(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၉(က)၊ အပိုဒ် ၂၀(ခ)(ဂ) (ဃ)၊ အပိုဒ် ၂၂

၁၉။ (က) ကောင်စီ၏ သက်တမ်းသည် စတင်ခန့်အပ်သည့် နေ့မှစ၍ ငါးနှစ် ဖြစ်သည်။

၂၀။ နိုင်ငံတော်သမ္မတသည် ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင် တစ်ဦးဦးကို အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းပါက တာဝန်မှ ရပ်စဲနိုင်သည် -

(ခ) မိမိကိုယ်ပိုင်အကျိုးစီးပွားအတွက် ဖြစ်စေ၊ နိုင်ငံရေး ပါတီ သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုအတွက် ဖြစ်စေ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း၊

(ဂ) ကောင်စီဝင်အဖြစ် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် လုံလောက်သည့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာ ကြံ့ခိုင်မှု မရှိခြင်း၊

(ဃ) အကြောင်းတစ်ခုခုဖြင့် တစ်ဆက်တည်း သုံးလထက် ပို၍ တာဝန် မထမ်းဆောင်နိုင်ဘဲ ပျက်ကွက်ခြင်း။

၂၂။ ကောင်စီဝင်တစ်ဦးသည် ပုဒ်မ ၂၀ အရ တာဝန်မှရပ်စဲရန် ဆုံးဖြတ်ခံရလျှင် ရှင်းလင်းချေပခွင့်ရှိသည် ဟု ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ (ဃ)မှာ အကြောင်းတစ်ခုခုဖြင့် တစ်ဆက်တည်း (၃)လထက်ပို၍ တာဝန်မထမ်းဆောင်နိုင်ဘဲဆိုတာ 'မ' က ပျောက်တတ်တယ်။ တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိဘဲ၊ ဒီလိုရေး။ နောင် အမြဲတမ်းမှတ်ထားပါနော်၊ ဒီအတိုင်းရေးတော့ 'မ' ပျောက်သွားတဲ့အခါမျိုးမှာ တစ်ခုခု

ဖြစ်သွားနိုင်တယ်။ တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိဘဲဆိုတော့ 'မ' ပျောက်လည်း သိသာတယ်။ ၂၂။ ကလည်း တာဝန်မှရပ်စဲရန် ဆုံးဖြတ်ခံရလျှင်၊ ဆုံးဖြတ်ခြင်းပေါ့၊ ဆုံးဖြတ်ခြင်းခံရလျှင်။

ဒီ ပြင်ဆင်ချက်များကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၉(က)၊ အပိုဒ် ၂၀(ခ)(ဂ)(ဃ)၊ အပိုဒ် ၂၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၉(က)၊ အပိုဒ် ၂၀(ခ)(ဂ)(ဃ)၊ အပိုဒ် ၂၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂၄(ဃ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၉(က)၊ အပိုဒ် ၃၂(က)(၂)(ခ)

၂၄။ ကောင်စီသည် -

(ဃ) ကောင်စီက သတ်မှတ်ထားသည့် ပုံစံအတိုင်း အစည်းအဝေး မှတ်တမ်းများ ရေးသားမှုကို ကြီးကြပ်ရန် အဖွဲ့ဝင်တစ်ဦးအား သတ်မှတ်တာဝန် ပေးရမည်။ ယင်းမှတ်တမ်းကို အတည်ပြုရန် နောက်တစ်ကြိမ် အစည်းအဝေး၌ တင်ပြရမည် ဖြစ်ပြီး အစည်းအဝေးသဘာပတိနှင့် မှတ်တမ်းတင်သူတို့က လက်မှတ်ရေးထိုး ရမည်။

၂၅။ ကောင်စီသည် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်ရန်ရှိပါက စုံညီ အစည်းအဝေးတွင် တင်သွင်း၍ ဆန္ဒမဲပေါ်တွင် အခြေခံ၍ ဆုံးဖြတ်ရမည်။

**ဥက္ကဋ္ဌ**။ ။ အဲဒီမှာ '၍' (၂)ခါ ထပ်နေတယ်၊ တွေ့လား။ စုံညီအစည်းအဝေးတွင် တင်သွင်းလျှက် ဆန္ဒမဲပေါ်တွင် အခြေခံ၍ ဆုံးဖြတ်ရမည်။

ဆန္ဒမဲ အရေအတွက် တူညီနေပါက ကောင်စီ ဥက္ကဋ္ဌ၏မဲဖြင့် ဆုံးဖြတ်ရမည်။

၂၉။ ကောင်စီသည် အောက်ပါရန်ပုံငွေများကို လက်ခံနိုင်သည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ ထောက်ပံ့ငွေ၊

၃၂။ (က) (၂) အထက်ပုဒ်မခွဲငယ်(၁)ပါ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများ၏ အားသာချက် အားနည်းချက်များ၊

(ခ) ကောင်စီသည်မိမိ၏နှစ်စဉ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတ၊ အဖွဲ့နှင့် ဝန်ကြီးဌာန သို့ အစီရင်ခံ တင်ပြရမည်ဟု ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ ကောင်စီက အစည်းအဝေးမှတ်တမ်းကို နောက်တစ်ကြိမ်မှာ တင်ပြရမည်ဖြစ်ပြီး၊ အစည်းအဝေး သဘာပတိနဲ့ မှတ်တမ်းတင်သူတို့က လက်မှတ်ရေးထိုးရမည်နော်။ နောက်တစ်ကြိမ်ကျမှ အတည်ဖြစ်ရမယ့် သဘောမျိုးဖြစ်သွားနိုင်တယ်။ ကောင်စီရဲ့ အစည်းအဝေးက ဘယ်နှစ်ကြိမ် Regulary ဘယ်လိုလုပ်ရမယ်ဆိုပြီး သတ်မှတ်ချက်ပါလား။ မပါလို့ရှိရင် အစည်းအဝေး ဆုံးဖြတ်ထားပြီးတော့မှ မှတ်တမ်းကြီးက အတည်မဖြစ်ဘူးဖြစ်နေမယ်။ ဒီ အကျင့်ကြီးက ပါနေတယ်၊ ဟုတ်တယ်မဟုတ်လား။ ယင်း မှတ်တမ်းကို အတည်ပြုရန် နောက်တစ်ကြိမ် အစည်းအဝေး၌တင်ပြမည် ဖြစ်ပြီးဆိုတဲ့ အပိုဒ်က မလိုအပ်ပါဘူး။ ဟုတ်ပြီလား။ ဝန်ကြီးဘာပြောဖို့ရှိလဲ။

**ဦးရဲထွဋ် (ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ ဖြုတ်လိုက်ပြီးတော့မှ၊ နည်းဥပဒေကြမ်းမှာ ထည့်ရင်တော့ ရတော့ရပါတယ်။ လက်မှတ်ထိုးတာတို့၊ ဘာတို့ပေါ့။ ဥက္ကဋ္ဌကြီး ပြောသလိုပဲ၊ အဖွဲ့ဝင်တစ်ဦးက သတ်မှတ်တာဝန်ပေးရမည် ဆိုတာနဲ့ ရပ်ထားရင်လည်း ရပါတယ်။ ဟိုဘက်က အစည်းအဝေးမှတ်တမ်းကို လက်မှတ်ထိုးတာ၊ ဘာညာက ကျွန်တော်တို့ နည်းဥပဒေ မှာ ထည့်မယ်ဆို ရပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါက ရုံးရဲ့ လုပ်ထုံးလုပ်နည်းပါ။ တကယ်တော့ ခုနကလိုပေါ့၊ သတ်မှတ်ပုံစံ အတိုင်းတို့၊ ဘာတို့ဆိုတာတွေလည်း ဥပဒေမှာတော့ မလိုတဲ့သဘောရှိတယ်၊ ကြည့်ရင်။ (ဃ)ကလေ၊ (ဃ)တစ်ပိုဒ်လုံးက ဟုတ်တယ်မဟုတ်လား။ အစည်းအဝေးမှတ်တမ်း သတ်မှတ်ပုံစံအတိုင်းဆိုတာတော့ ရုံးလုပ်ငန်းပဲ၊ ဥပဒေမှာ မလိုပါဘူး။ (ဃ) တစ်ခုလုံး၊ တစ်ပိုဒ်လုံးမလိုပါဘူး။

(ခ) ကောင်စီသည်မိမိ၏နှစ်စဉ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတ၊ အဖွဲ့နှင့် ဝန်ကြီးဌာန သို့ အစီရင်ခံ တင်ပြရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၄(ဃ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၉(က)၊ အပိုဒ် ၃၂ (က)(၂)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၄(ဃ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၉(က)၊ အပိုဒ် ၃၂ (က)(၂)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ**။ ။ နေ့လည်စာသုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပေးမယ်။ ခုန သာသနာ့ဝန်ထမ်းကိစ္စနဲ့ ပတ်သက်လို့ ဥပဒေကြမ်းကော်မတီက ပြန်စိစစ်ပြီးတော့ အစည်းအဝေး ပြန်စတဲ့အခါမှာ ပြန်တင်ပြပါ။

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၂း၀၀ နာရီ အချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၀၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၀၂။**

**ဥက္ကဋ္ဌ**။ ။ နေ့လည်ပိုင်းခွင့် (၇)ဦး ရှိပါတယ်။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစောအောင်ကျော်နိုင်(ခေါ်)ရှားဘူးဖော့၊ ကရင်(၁)၊ ကော်မတီအစည်းအဝေး။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကော်မတီကိစ္စ။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းမောင်၊ မန္တလေး(၄)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ အစည်းအဝေးတက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် နေ့လည်ပိုင်း ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၃း၀၄။**

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၉(ဆ)နဲ့ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီက တင်ပြပါ။

**ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ သာသနာ့ဝန်ထမ်း နဲ့ ပတ်သက်လို့ ကျွန်တော်တို့ ကျင့်တဲ့ ဥပဒေမှာ မပါဘဲနဲ့ ရွေးကောက်ပွဲဥပဒေတို့၊ ဘာတို့မှာပဲ ပါတာ ရှိပါတယ်။ အဲဒီမှာ ပါတဲ့ဟာလည်းပဲ ကျွန်တော်တို့ သိပ်ကိုကျယ်ပြန့်လွန်းအားကြီးတဲ့အတွက်ကြောင့် ကျွန်တော်တို့ အနေနဲ့တော့ သာသနာ့ဝန်ထမ်းဆိုတဲ့ဟာကို မထည့်ဘဲနဲ့ ပယ်ဖျက်ထားရင် ပိုပြီး သင့်လျော်မယ်လို့ ထင်မြင်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၀၄။**

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီး။

**အချိန်၊ ၁၃း၀၅။**

**ဦးရဲထွဋ်၊ (ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ ကော်မတီရဲ့ အဆိုပြုချက်ကို သဘောတူပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ အခု ဥပဒေကြမ်းကော်မတီနဲ့ ပြည်ထောင်စုဝန်ကြီးရဲ့ တင်ပြချက်အရ အပိုဒ် ၉၊ အပိုဒ်ခွဲ(ဆ) သာသနာ့ဝန်ထမ်းဆိုတဲ့အချက်ကို ပယ်ဖျက်ဖို့ ဖြစ်ပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉၊ အပိုဒ်ခွဲ(ဆ) ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၃၆(ခ)(၅)၊ အပိုဒ် ၃၇(က) (၈)(ခ)၊ အပိုဒ် ၃၈၊ အပိုဒ် ၄၀(ဂ)၊ အပိုဒ် ၄၄

၃၆။ (ခ) (၅) ကောင်စီက သတ်မှတ်ထားသည့် လိုအပ်ချက်များ။

၃၇။ (က) (၈) ကောင်စီက သတ်မှတ်သော အခြားသတ်မှတ်ချက်များ။

(ခ) လိုင်စင်လျှောက်ထားစဉ်က ပါဝင်သည့် နည်းပညာပိုင်းဆိုင်ရာ အဆိုပြုချက်များနှင့် အစီအစဉ်ပိုင်းဆိုင်ရာ အဆိုပြုချက်များသည် လိုင်စင်လျှောက်ထားစဉ်က အတိုင်းသာ ဖြစ်စေရမည်။ အခြားပြုပြင်ပြောင်းလဲမှု တစ်စုံတစ်ရာ ဆောင်ရွက်ခွင့်မရှိစေရ။

၃၈။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်သူများသည် လုပ်ငန်းလိုင်စင်ကြေးများကို ကောင်စီ၏ ငွေစာရင်းမှတစ်ဆင့် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေသို့ ပေးသွင်းရမည်။

၄၀။ ကောင်စီသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းလိုင်စင်သက်တမ်း တိုးပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ လိုင်စင်သက်တမ်း ကာလအတွင်း အောက်ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်း ကြောင်းတွေ့ရှိပါက ကောင်စီသည် သက်တမ်းတိုးထောက်ခံချက် ထုတ်ပေးရန် ငြင်းပယ်နိုင်သည် -

(ဂ) လိုင်စင်သက်တမ်း တိုးပေးရန်မသင့်သည့် အများပြည်သူအကျိုးစီးပွားနှင့် ဆန့်ကျင်သော အကြောင်း တစ်ရပ်ရပ် ပေါ်ပေါက်ခြင်း။

၄၄။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းသည် သက်ဆိုင်ရာ ထုတ်လွှင့်မှုကို မည်သည့်အကြောင်း ကြောင့်ဖြစ်စေ (၁၂) လ တစ်ဆက်တည်း ဆိုင်းငံ့ထားခြင်း သို့မဟုတ် လုပ်ငန်းကို ရပ်ဆိုင်းထားခြင်းပြုလျှင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်သည် အလိုအလျောက် ပျက်ပြယ်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ်၃၆(ခ)(၅)၊ အပိုဒ် ၃၇(က)(၈)(ခ)၊ အပိုဒ် ၃၈ ၊ အပိုဒ် ၄၀(ဂ)၊ အပိုဒ် ၄၄ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၆(ခ)(၅)၊ အပိုဒ် ၃၇(က)(၈)(ခ)၊ အပိုဒ် ၃၈ ၊ အပိုဒ် ၄၀(ဂ)၊ အပိုဒ် ၄၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၄၆၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃(ခ)၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅(ခ)၊ အပိုဒ် ၅၈(ခ)၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁(က)၊ အပိုဒ် ၆၂၊ အပိုဒ် ၆၆

၄၆။ အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းသည် ပြည်သူအတွက်ဖြစ်ပြီး၊ ပြည်သူ့ ရန်ပုံငွေဖြင့် လည်ပတ်၍ ပြည်သူက ကြီးကြပ်ကွပ်ကဲခြင်းပြုသည့် လုပ်ငန်းဖြစ်သည်။ ယင်းသည် နိုင်ငံရေးအရ စွက်ဖက်မှုနှင့် စီးပွားရေး အင်အားစုများ၏ ဖိအားမှ ကင်းလွတ်

သည့် အဖွဲ့အစည်း ဖြစ်ရမည်။ အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းမှတစ်ဆင့် နိုင်ငံသားများအား ပြန်ကြားပေးခြင်း၊ ပညာပေးခြင်းနှင့် ဖျော်ဖြေပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

၄၈။ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများကို တရားဝင် မှတ်ပုံတင်ထားသည့် မြန်မာနိုင်ငံသားများက မတည်ရင်းနှီးခွင့်နှင့် ပိုင်ဆိုင်ခွင့်ရှိပြီး နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းများ၏ ရင်းနှီးမြှုပ်နှံမှုကိုလည်း တည်ဆဲ ဥပဒေနှင့် အညီ ခွင့်ပြုနိုင်သည်။

၄၉။ လိုင်စင်လျှောက်ထားသည့်အခါ လျှောက်ထားသူများသည် ယင်းအဖွဲ့အစည်း၏ ပိုင်ဆိုင်မှု ပုံသဏ္ဍာန်နှင့် အနေအထားကို ကောင်စီနှင့် အများပြည်သူ့ထံသို့ လူထုဆက်သွယ်ရေး မီဒီယာ များမှတစ်ဆင့် တင်ပြရမည်။ လိုင်စင်ခွင့်ပြုချက်ရရှိပြီးနောက် ပိုင်ဆိုင်မှုအနေအထား ငါးရာခိုင်နှုန်း ပြောင်းလဲမှုရှိသည့် အခါတိုင်း ကောင်စီသို့ တင်ပြရမည်။

၅၂။ ပုဒ်မ ၅၀ နှင့် ၅၁ တွင် ဖော်ပြထားသည့် မီဒီယာ ဈေးကွက် ရှာခြင်းနှင့် ပူးတွဲပိုင်ဆိုင်မှု ကန့်သတ်ထိန်းချုပ်ခြင်းများနှင့် စပ်လျဉ်း၍ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်း ဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များကို အဖွဲ့က ထုတ်ပြန်နိုင်ရန် ကောင်စီက အကြံပြုရေးဆွဲ တင်ပြရမည်။

၅၃။ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းများသည် အောက်ပါ လုပ်ငန်းများမှ ဝင်ငွေကို လက်ခံနိုင်သည် -

(ခ) စီးပွားရေးဆိုင်ရာ ထောက်ပံ့မှုများ၊

၅၄။ ဘဏ္ဍာရေးနှစ် တစ်နှစ်ကုန်ဆုံးသည့်အခါတိုင်း စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင် သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် နှစ်ချုပ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာ ရေး အစီရင်ခံစာတို့ကို ကောင်စီက သတ်မှတ်ထား သည့် ပုံစံအတိုင်း တင်သွင်းရမည်။ ကောင်စီသည် ယင်းနှစ်ချုပ် ဘဏ္ဍာရေးအစီရင်ခံစာကို လျှို့ဝှက်အဆင့် သတ်မှတ်သိမ်းဆည်းထားရမည်။ အစီရင်ခံ စာတွင် အောက်ပါအချက်များပါဝင်ရမည်-

၅၅။ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း များသည် အောက်ပါ အချက်များကို အခြေခံ၍ ဆောင်ရွက်ရမည် -

(ခ) အဓိက ဦးတည်ချက်သည် တိုင်းရင်းသားများ၊ သတ်မှတ်အဝန်းအဝိုင်းနှင့် လူ့ အဖွဲ့ အစည်းအတွက် ပြန်ကြားရေး၊ ပညာပေးရေးနှင့် ဖျော်ဖြေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဖြစ်သည်၊

၅၈။ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ သည် အောက်ပါတို့မှ ဝင်ငွေကိုလက်ခံနိုင်သည် -

(ခ) ပြည်တွင်း၊ ပြည်ပမှ ပူးပေါင်းဆောင်ရွက်သူများ၏ နှောင်ကြိုးမဲ့ လှူဒါန်းမှုများ၊

၆၀။ စီးပွားဖြစ် မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် သက်ဆိုင်ရာ လူမှုအသိုက်အဝန်း၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် အစီအစဉ်များနှင့် မူဝါဒများကို ဆွေးနွေးညှိနှိုင်းရန်၊ အခက်အခဲများ၊ ပြဿနာများနှင့် ယင်းတို့ကို ကိုင်တွယ် ဖြေရှင်းနည်းများကို စုပေါင်းညှိနှိုင်းသုံးသပ်ရန်နှင့် ဘဏ္ဍာရေး အခြေအနေ အပါအဝင် လုပ်ငန်းဆောင်ရွက်ပြီးမြောက်မှု အစီရင်ခံစာများကို တင်ပြနိုင်ရန်၊ အဆိုပါ လူမှုအသိုက်အဝန်းတွင် ပါဝင်သူများ၊ ကိုယ်စားလှယ်များ စုံညီပါဝင်သော အစည်းအဝေးပွဲများကို အနည်းဆုံးတစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပပေးရမည်။

၆၁။ ဌာနပိုင် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများသည် အောက်ပါတို့မှ ဝင်ငွေကို လက်ခံနိုင်သည် -

(က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေ၊

၆၂။ ဌာနပိုင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများ အားလုံးသည် နှစ်ချုပ်အစီရင်ခံစာနှင့် နှစ်ချုပ် ဘဏ္ဍာရေး အစီရင်ခံစာတို့ကို ကောင်စီသို့ တင်သွင်းရမည် ဖြစ်သည်။ ကောင်စီသည် နှစ်ချုပ်ဘဏ္ဍာရေး အစီရင်ခံစာကို လျှို့ဝှက်အဆင့်သတ်မှတ် သိမ်းဆည်းထားရမည်။ ယင်း အစီရင် ခံစာ၌ ပုဒ်မ ၅၄ တွင် ဖော်ပြထားသည့် ကဏ္ဍများနှင့် စပ်လျဥ်းသည့် အချက်အလက်များ ပါဝင်ရမည်။

၆၆။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ် ဖြန့်ဖြူးရေး ဝန်ဆောင်မှု လုပ်ငန်းများ အနေဖြင့် နှစ်ချုပ် အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး အစီရင်ခံစာတို့ကို ကောင်စီသို့ တင်သွင်းရမည်။ ယင်းအစီရင်ခံစာ၌ ပုဒ်မ ၅၄ တွင် ဖော်ပြထားသည့် ကဏ္ဍများနှင့် စပ်လျဥ်းသည့် အချက်အလက်များ ပါဝင်ရမည်။ ကောင်စီသည် နှစ်ချုပ်ဘဏ္ဍာရေး အစီရင်ခံစာကို လျှို့ဝှက်အဆင့်သတ်မှတ် သိမ်းဆည်းထားရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၆၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃(ခ)၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅(ခ)၊ အပိုဒ် ၅၈(ခ)၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁(က)၊ အပိုဒ် ၆၂၊ အပိုဒ် ၆၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၆၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃(ခ)၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅(ခ)၊ အပိုဒ် ၅၈(ခ)၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁(က)၊ အပိုဒ် ၆၂၊ အပိုဒ် ၆၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၆၈၊ အပိုဒ် ၆၉(ခ)၊ အပိုဒ် ၇၇(ဈ)(ည)၊ အပိုဒ် ၇၉၊ အပိုဒ် ၈၁၊ အပိုဒ် ၈၃၊ အပိုဒ် ၈၄(က)၊

၆၈။ ကောင်စီသည် ပုဒ်မ ၆၇ ပါ သတ်မှတ်ချက်နှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ရန် လုပ်ပိုင်ခွင့်ရှိပြီး၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ လုပ်ငန်းတစ်ခုလုံးအတွက် ဖြစ်စေ၊ သက်ဆိုင်ရာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းအတွက်ဖြစ်စေ လုပ်ငန်းတွင် ပါဝင်ပတ်သက်သူများနှင့် ညှိနှိုင်းဆွေးနွေးပြီးနောက် လိုအပ်ချက်နှင့်အညီ ပြင်ဆင်သတ်မှတ်ပေးနိုင်သည်။

၆၉။ (ခ) အစီအစဉ် ထုတ်လွှင့်မှုများတွင် အကြားအာရုံ ချို့ယွင်းသူများအတွက် စံလက်သင်္ကေတကို အသုံးပြုနိုင်သည်။

၇၇။ လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များတွင် အောက်ပါအစီအစဉ် အကြောင်းအရာများနှင့် ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများ ပါဝင်စေရမည်

(ဈ) ဘာသာရေးဆိုင်ရာများ၊ လူနည်းစု လူမျိုးစုများ၊ အမျိုးသမီးများနှင့် အမျိုးသားများ၊ အရွယ်မရောက်သေးသူ လူငယ်များနှင့် အားနည်းချက်ရှိသော အုပ်စုများအပေါ် ဆက်ဆံမှု၊

(ည) လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊

၇၉။ ပုဒ်မ ၇၈၊ (ခ) ကို ပံ့ပိုးပေးနိုင်ရန်အတွက် ကောင်စီသည် တိုင်ကြားလွှာများကို စုံစမ်းစစ်ဆေးခြင်းနှင့် ဖြေရှင်းခြင်း လုပ်ငန်းစဉ်များကို ရေးဆွဲထားရမည်။ အဆိုပါလုပ်ငန်းစဉ်တွင် တိုင်ကြားခြင်းခံရသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများက ပြန်လည်ဖြေရှင်းခွင့်နှင့် မေးမြန်း ပိုင်ခွင့်များကို တိတိကျကျ ပေးအပ်ထားရမည်။

၈၁။ ပုဒ်မ ၇၈၊(ခ)အရ တိုင်ကြားချက်သည် မှန်ကန်ကြောင်း တွေ့ရှိလျှင် ကောင်စီသည် အောက်ပါအရေးယူ ဆောင်ရွက်ချက် များအနက် တစ်ခု သို့မဟုတ် အများကို ဆောင်ရွက်နိုင်သည် -

၈၃။ တိုင်ကြားသူတစ်ဦးသည် ကောင်စီသို့ တိုင်ကြားနိုင်သည့် အပြင် ဥပဒေကြောင်းအရလည်း တရားရုံးသို့ တိုက်ရိုက် လျှောက်ထားနိုင်သည်။

၈၄။ (က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း တစ်ခုသည် မှားယွင်း ထုတ်လွှင့်မှုကို သိလျှင်သိချင်း သို့မဟုတ် မှားယွင်းမှုများကို ထောက်ပြလာ၍ နစ်နာမှု တစ်စုံတစ်ရာရှိကြောင်း အမှန်တကယ်သိလျှင်သိချင်း အဆိုပါ အမှားများအပေါ် ပြင်ဆင်ချက်ကို ထည့်သွင်းထုတ်လွှင့်ပေးရန် တာဝန် ရှိသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆၈၊ အပိုဒ် ၆၉(ခ)၊ အပိုဒ် ၇၇(ဈ)(ည)၊ အပိုဒ် ၇၉၊ အပိုဒ် ၈၁၊ အပိုဒ် ၈၃၊ အပိုဒ် ၈၄(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၈၊ အပိုဒ် ၆၉(ခ)၊ အပိုဒ် ၇၇(ဈ)(ည)၊ အပိုဒ် ၇၉၊ အပိုဒ် ၈၁၊ အပိုဒ် ၈၃၊ အပိုဒ် ၈၄(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၀) အခန်းခေါင်းစဉ်၊ အပိုဒ် ၈၈၊ အပိုဒ် ၈၉(က)(ခ)၊ အပိုဒ် ၉၁

အခန်း (၁၀)

စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုများ

၈၈။ ကောင်စီက ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လိုင်စင်ဆိုင်ရာ သဘောတူညီချက်များနှင့် ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကြောင်း တွေ့ရှိရသည့် မည်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းကိုမဆို ကောင်စီက စီမံခန့်ခွဲမှုဆိုင်ရာ အရေးယူမှုများ ဆောင်ရွက်နိုင်သည်။

၈၉။ ကျူးလွန်မှု သို့မဟုတ် ချိုးဖောက်မှု အတိုင်းအတာနှင့် အကြိမ်အရေအတွက်ပေါ် မူတည်၍ အဖွဲ့နှင့်ကောင်စီသည် -

(က) အဖွဲ့သည် ကောင်စီ၏ ထောက်ခံတင်ပြချက်ဖြင့် အောက်ပါစီမံ ခန့်ခွဲရေးဆိုင်ရာ အရေးယူမှုများ ဆောင်ရွက်နိုင်သည် -

( ခ ) ကောင်စီသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုများ ဆောင်ရွက်နိုင်သည်။

**ဥက္ကဋ္ဌ**။ ။ စာပိုနေတယ်၊ ၈၉။ ကျူးလွန်မှု သို့မဟုတ် ချိုးဖောက်မှု အတိုင်းအတာနှင့် အကြိမ်အရေအတွက်အပေါ် မူတည်၍ဆိုတဲ့အခါမှာ အဖွဲ့နှင့် ကောင်စီသည်ဆိုတာ မလိုပါဘူးနော်၊ အောက်မှာ (က) က အဖွဲ့သည်။ (ခ) က ကောင်စီသည်။

၉၁။ စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုအရ ပေးဆောင်ရသည့် ဒဏ်ကြေးငွေများကို ဝန်ကြီးဌာန၏ ငွေစာရင်းမှတစ်ဆင့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀) အခန်းခေါင်းစဉ်၊ အပိုဒ် ၈၈၊ အပိုဒ် ၈၉ (က)(ခ)၊ အပိုဒ် ၉၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀) အခန်းခေါင်းစဉ်၊ အပိုဒ် ၈၈၊ အပိုဒ် ၈၉(က)(ခ)၊ အပိုဒ် ၉၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၉၄

၉၄။ ဤဥပဒေ ပုဒ်မ ၅၀ နှင့် ၅၁ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း သို့မဟုတ် မရိုးဖြောင့်သော သဘောဖြင့် လိုင်စင်လျှောက်ထားခြင်း မရှိစေရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၉၆၊ အပိုဒ် ၉၇၊ အပိုဒ် ၉၈၊ အပိုဒ် ၉၉

၉၆။ မည်သူမဆို ပုဒ်မ ၉၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ် သိန်းသုံးရာမှ ကျပ်သိန်းငါးရာအထိ ချမှတ်ရမည့် အပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၉၇။ မည်သူမဆို ပုဒ်မ ၉၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ်သိန်းငါးဆယ် မှ ကျပ်သိန်းတစ်ရာအထိ ချမှတ် ရမည်။

၉၈။ မည်သူမဆို ပုဒ်မ ၉၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ် သိန်းတစ်ရာမှ ကျပ်သိန်းသုံးရာအထိ ချမှတ်ရမည့် အပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်ဆည်းရမည်။

၉၉။ မည်သူမဆို ပုဒ်မ ၉၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ် သိန်းသုံးရာမှ ကျပ်သိန်းငါးရာအထိ ချမှတ်ရမည့် အပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉၆၊ အပိုဒ် ၉၇၊ အပိုဒ် ၉၈၊ အပိုဒ် ၉၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉၆၊ အပိုဒ် ၉၇၊ အပိုဒ် ၉၈၊ အပိုဒ် ၉၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် အပိုဒ် ၁၀၁၊ အပိုဒ် ၁၀၃၊ အပိုဒ် ၁၀၄

၁၀၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မကိုက်ညီသည့် သဘောတူညီချက်များကို အများပြည်သူ အကျိုးစီးပွားနှင့် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း အညီဖြစ်စေရန် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် ပုဒ်မ ၁၀၀ ပြဋ္ဌာန်းချက်ပါ ကာလအတွင်း အပြီးပြန်လည် ပြင်ဆင်ဆောင်ရွက်ရမည်။

၁၀၃။ ဤဥပဒေပြဋ္ဌာန်းသည့် နေ့ရက်မှ ၁၂ လ အတွင်း ကောင်စီကို ဖွဲ့စည်းရမည် ဟု ပြင်ဆင်ထားပါတယ်။

၁၀၄။ ကောင်စီဝင်များသည် ဤဥပဒေအရ ပေးအပ်သော တာဝန်ကို ထမ်းဆောင်ချိန်တွင် ပြစ်မှုဆိုင်ရာ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀၁၊ အပိုဒ် ၁၀၃၊ အပိုဒ် ၁၀၄ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀၁၊ အပိုဒ် ၁၀၃၊ အပိုဒ် ၁၀၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

အပိုဒ် ၁(ခ)(ဂ)၊ အပိုဒ် ၂(ထ)၊ အပိုဒ် ၈(ဂ)နှင့် အပိုဒ် ၄၇တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

မူလဥပဒေကြမ်း၏ အခန်း(၁)၊ အပိုဒ်၂(က)(ခ)(ဂ)(စ)(ဆ)(ဇ)(ဈ)(ည)(ဋ)(ဌ)(ဍ)(ပ)(ဏ)(တ)၊ အခန်း(၂)၊ အပိုဒ် ၃၊ အပိုဒ် ၄၊

အခန်း(၃)၊ အပိုဒ် ၆(ဂ)(ဃ)(စ)(ဆ)(ဇ)(ဈ)၊ အပိုဒ် ၇၊

အခန်း(၄)၊ အပိုဒ် ၈(က)(ခ)၊ အပိုဒ် ၉(ဂ)(ဃ)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈(က)၊

အခန်း(၅)၊ အပိုဒ် ၁၉(ခ)(ဂ)၊ အပိုဒ် ၂၀(က)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၃၊

အခန်း(၆)၊ အပိုဒ် ၂၄(က)(ခ)(ဂ)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊အပိုဒ် ၂၈၊ အပိုဒ် ၂၉(ခ)(ဂ)၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂(က)(၁)(၃)(၄)(၅)၊

အခန်း(၇)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆(က)(၁)(၂)(၃) (ခ)(၁)(၂)(၃)(၄)၊အပိုဒ် ၃၇(က)(၁)(၂)(၃)(၄)(၅)(၆)(၇)၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀(က)(ခ)၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၅၊

အခန်း(၁၄)၊အပိုဒ် ၁၀၅၊ အပိုဒ် ၁၀၆၊ အပိုဒ် ၁၀၇ တို့နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့်

အပိုဒ် ၂(ထ)၊ အပိုဒ် ၄၇၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁၊

အပိုဒ် ၅၃(က)(ဂ)၊ အပိုဒ် ၅၄(က)(ခ)(ဂ)(ဃ)(င)၊

အပိုဒ် ၅၅(က)(ဂ)၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇၊

အပိုဒ် ၅၈(က)(ဂ)(ဃ)(င)၊ အပိုဒ် ၅၉၊ အပိုဒ် ၆၁(ခ)(ဂ)၊

အပိုဒ် ၆၃၊ အပိုဒ် ၆၄၊ အပိုဒ် ၆၅၊ အပိုဒ် ၆၇၊ အပိုဒ် ၆၉(က)၊ အပိုဒ် ၇၀၊ အပိုဒ် ၇၁၊ အပိုဒ် ၇၂(က)(ခ)၊ အပိုဒ် ၇၃၊ အပိုဒ် ၇၄၊ အပိုဒ် ၇၅(က)(ခ)၊ အပိုဒ် ၇၆၊

အပိုဒ် ၇၇(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)(ဉ)(ည)၊

အပိုဒ် ၇၈(က)(ခ)၊ အပိုဒ် ၈၀၊ အပိုဒ် ၈၁(က)(ခ)(ဂ)(ဃ)၊

အပိုဒ် ၈၂၊ အပိုဒ် ၈၄(ခ)(ဂ)၊ အပိုဒ် ၈၅၊ အပိုဒ် ၈၆(က)(ခ)(ဂ)၊ အပိုဒ် ၈၇၊ အပိုဒ် ၈၉(က)(၁)(၂)(၃)(ခ)(၁)(၂)(၃)(၄)၊

အပိုဒ် ၉၀(က)(ခ)(၁)(၂)(၃)(၄)၊ အပိုဒ် ၉၂၊ အပိုဒ် ၉၃၊

အပိုဒ် ၉၅၊ အပိုဒ် ၁၀၀၊ အပိုဒ် ၁၀၂ တို့ကို မူလအဆိုပြုချက်အတိုင်း အတည်ပြုရန် သို့သော် အခုန တစ်ပုဒ်ချင်း အတည်ပြုချိန်က ပယ်ဖျက်ခဲ့တဲ့ အပိုဒ်များမပါ ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။

(ဩဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၁၀၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၁၀၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း၏အမည်သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

## ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရုပ်မြင်သံကြား နှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၃း၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၁၅၈၊ နည်းဥပဒေ ခွဲ (ခ)အရ ရုပ်မြင်သံကြားနှင့် အသံ ထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က အတည်ပြုပေးဖို့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၄။**

**ဦးရဲထွဋ် (ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရုပ်မြင်သံကြား နဲ့ အသံထုတ်လွှင့်ခြင်း ဥပဒေကြမ်းဟာ ကျွန်တော်တို့နိုင်ငံမှာပြဋ္ဌာန်းမှု လုံးဝမရှိသေးတဲ့ဥပဒေတစ်ခု ဖြစ်ပါတယ်။ ယခင်က ကျွန်တော်တို့နိုင်ငံမှာ ရုပ်မြင်သံကြားနဲ့အသံထုတ်လွှင့်ခြင်း လုပ်ငန်းများကို ပုဂ္ဂလိကများအား သီးခြားလုပ်ကိုင်ခွင့်မပြုခဲ့ပေမယ့် ပြောင်းလဲတိုးတက်လာတဲ့ခေတ်စနစ်နဲ့အညီ ရုပ်မြင်သံကြားနဲ့ အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန် နှင့် အများပြည်သူ၏ သဘောထားအမြင်များကို ဖော်ဆောင်သည့်မီဒီယာဗဟုဝါဒကို မြှင့်တင် ဖော်ဆောင်နိုင်ရန် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဥပဒေကြမ်းကို ရေးဆွဲပြဋ္ဌာန်းရန် လိုအပ် လျက်ရှိပါတယ်။

ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေဟာ နိုင်ငံတော်ရဲ့စီးပွားရေး၊ လူမှုရေး ကဏ္ဍများမှာသာမက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ကြီးမားစွာ အထောက် အကူပြုနိုင်မယ့် ဥပဒေတစ်ရပ်ဖြစ်ပါတယ်။ ယခုဥပဒေကို ပြဋ္ဌာန်းခြင်းအားဖြင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များက ပါဝင်၍လည်းကောင်း၊ တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရတို့က ၎င်းတို့၏ သီးခြားအစီအစဉ်ဖြင့်လည်းကောင်း၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ လူမှုရေးအသင်းအဖွဲ့များအနေဖြင့်လည်း ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ထုတ်လွှင့်ရန်အတွက် Community Radio များတည်ထောင်ထုတ်လုပ်နိုင်ရန်လည်းကောင်း အကျိုးကျေးဇူးများ ရရှိလာမှာ ဖြစ်ပါတယ်။ ယခုဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက အဆင့်ဆင့်စိစစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အကြံပြု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဖြစ်တဲ့အတွက် ယခုဥပဒေကြမ်းကို အတည်ပြုပေးနိုင် ပါရန် ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် အမျိုးသား လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၂၆။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ ပြန်ကြားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တင်သွင်းသော ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုကို ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်မှ ထောက်ခံအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့် ခြင်းဆိုင်ရာ ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၂၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းအား ပြင်ဆင်ထားသည့် အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည်ဖြစ်သည်။(သြဘာသံများ)

**ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ ပြည်တွင်း ငြိမ်းချမ်းရေး ရရှိလာသည်နှင့် ယခင်က စစ်ဘေးဒဏ်ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၂၇။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၄)။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘိုးရယ် က ပြည်တွင်းငြိမ်းချမ်းရေး ရရှိလာသည်နှင့် ယခင် က စစ်ဘေးဒဏ်ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်

ပေးပါရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးဘိုးရယ် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၇။**

**ဦးဘိုးရယ်၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘိုးရယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ပြည်တွင်းငြိမ်းချမ်းရေးရရှိလာသည်နှင့် ယခင်က စစ်ဘေးဒဏ်ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်း ချမှတ်၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာတိုင်းရင်းသားညီအစ်ကိုချင်း လက်နက်ကိုင်တိုက်ခိုက်ခဲ့ကြတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်း နှောင့်နှေးကြန့်ကြာခဲ့ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဟာလည်း နောက်ကျကျန်ခဲ့ရတာ အားလုံးအသိပဲဖြစ်ပါတယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုအားနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးကို အတူတကွ လျှောက်လှမ်းရမယ့်အစား အချင်းချင်းလက်နက်ကိုင်တိုက်ခိုက်ခဲ့ကြတဲ့ အထူးရလာဒ် အနေနဲ့ ကျွန်တော်တို့နိုင်ငံဟာ ၁၉၈၇ ခုနှစ်မှာ ဖွံ့ဖြိုးမှုအနည်းဆုံး LDC စာရင်းဝင်နိုင်ငံ အဖြစ် သတ်မှတ် ခံခဲ့ရပါတယ်။

ဒီလိုနှစ်ပေါင်းများစွာ ပဋိပက္ခဖြစ်ပွားခဲ့တဲ့ဒေသတွေ တစ်နည်းပြောရမယ်ဆိုလို့ရှိရင်တော့ စစ်ဘေးဒဏ်ခံခဲ့ရတဲ့ တိုင်းရင်းသားဒေသတွေအနေနဲ့ကတော့ အစစအရာရာ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးဒေသတွေဖြစ်မယ်ဆိုတာကတော့ ဆိုဖွယ်ရာရှိမယ်မထင်ပါဘူး။ ယခင်နိုင်ငံတော်အစိုးရအနေနဲ့ မိဘနဲ့မခြား နိုင်ငံတော်အတွင်းမှာရှိတဲ့ တိုင်းရင်းသားဒေသတွေအားလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ဖို့ မေတ္တာ၊ စေတနာအပြည့်နဲ့ ဆောင်ရွက်ခဲ့ပေမယ်လို့ ပဋိပက္ခဖြစ်ပွားခဲ့တဲ့ဒေသတွေမှာ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး စတဲ့အခြေအနေ အရပ်ရပ်တွေကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အပြည့်အဝ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း မရှိတာကို လေ့လာသိရှိရပါတယ်။ အထူးသဖြင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးအရ တချို့ကျေးရွာတွေကို စုစည်းကျေးရွာအဖြစ် သတ်မှတ်ရွှေ့ပြောင်းခံခဲ့ရပါတယ်။ စုစည်း ကျေးရွာအိမ်ထောင်စုများဟာ အိုးပြစ်၊ အိမ်ပြစ် ကျွဲ၊ နွား၊ လယ်၊ ယာ သီးနှံတွေဆုံးရှုံးပြီးတော့မှ မိမိတို့ရဲ့ဘဝတွေကိုတစ်ကနေ ပြန်စခဲ့ကြရတာ ဖြစ်ပါတယ်။ စစ်ဘေးကြောင့် နေအိမ်အချို့လည်း မီးလောင်ဆုံးရှုံးခဲ့ရတယ်။ ဘာသာရေးကျောင်းတွေ၊ စာသင်ကျောင်းတွေ၊ ဆေးပေးခန်းတွေလည်း ပျက်စီးယိုယွင်းခဲ့ရတယ်။ စစ်ရေးအထောက်အကူပြုဝန်ထမ်းတွေအဖြစ် လိုက်ပါရင်း မိမိတို့အသက်ဆက်ဖို့ ရှာဖွေစားသောက်ရင်းနဲ့ မိုင်းနင်းမိလို့လည်း ဒုက္ခိတဘဝ ရောက်ခဲ့

ရသူအချို့လည်း ရှိခဲ့တယ်။ ဌာနဆိုင်ရာဝန်ထမ်းတွေ သွားလာရေးခက်ခဲလို့၊ ပညာသင်ကြားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝမရခဲ့တဲ့အတွက် မသေသင့်ဘဲနဲ့လည်း သေဆုံးခဲ့ကြရပါတယ်။ ယင်းဖြစ်စဉ်ဖြစ်ရပ်များဟာ စစ်ဘေးစစ်ဒဏ်သင့် တိုင်းရင်းသားပြည်သူတွေအတွက် စိတ်ဒဏ်ရာတွေကို ရရှိစေခဲ့တာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့နိုင်ငံတော် အစိုးရဟာ နိုင်ငံတော်ကို ဖွံ့ဖြိုးမှုအနည်းဆုံး LDC စာရင်းဝင်နိုင်ငံအဖြစ်မှရုန်းထွက်ပြီး ထောင်စုနှစ် ရည်မှန်းချက်ပြည့်မီဖို့အတွက် အားသွန်ခွန်စိုက်ဆောင်ရွက်နေတာ အားလုံးအသိပဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အမြော်အမြင်ကြီးမားစွာနဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့အတူ ဘက်စုံထောင့်စုံဒေသစုံမှာ ဒီမိုကရေစီအသီးအပွင့်တွေ ရရှိခံစားအောင်ဆောင်ရွက်ပေးနေတာကိုလည်း ပြည်သူများ ကိုယ်တွေ့ ခံစားနေကြပြီဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတော်အစိုးရအနေနဲ့ ယနေ့အချိန်မှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အထူးအလေးထားဆောင်ရွက်ပေးနေတဲ့အတွက် ကျွန်တော့်အနေနဲ့လည်း ပြည်သူများနဲ့ထပ်တူ ဝမ်းမြောက်ဂုဏ်ယူမဆုံးဖြစ်ရပါတယ်။

ကျွန်တော်တို့ဒေသမှာ နှစ်ပေါင်းများစွာ မရရှိခဲ့ဘူးတဲ့ ဒေသတည်ငြိမ်ရေးအေးချမ်းရေးနဲ့အတူ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှု၊ လျှပ်စစ်မီးလင်းလာမှုများကို စတင်ခံစားလာရပြီ ဖြစ်ပါတယ်။ ဒါအပြင် NGO တွေ၊ INGO တွေရဲ့ပူးပေါင်းဆောင်ရွက်မှု၊ တပ်မတော်နယ်လှည့်အခမဲ့ဆေးကုသမှု စတဲ့ ပြည်သူလူထုများအတွက် နွေးထွေးတဲ့ မေတ္တာ၊ စေတနာပေးဝေမှုများဟာ စစ်ဘေးဒဏ်ခံခဲ့ရတဲ့ ပြည်သူများရဲ့စိတ်ဒဏ်ရာကို သက်သာလာစေခဲ့ပြီ ဖြစ်ပါတယ်။ များမကြာမီငြိမ်းချမ်းရေးနဲ့အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပိုမိုဆောင်ရွက်လာနိုင်တာ နဲ့အမျှ စစ်ဘေးဒဏ်ခံခဲ့ရတဲ့ပြည်သူများရဲ့ အသိအမြင် ဗဟုသုတတွေလည်း တိုးပွားလာပြီး အတွေးအခေါ် ခံယူချက်၊ ယုံကြည်ချက်များလည်း တိုးတက်ပြောင်းလဲလာကာ ယင်းသို့ ခံစားရတဲ့ စိတ်ဒဏ်ရာများ လည်း ပျောက်ကင်းသွားလိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ကို အဘက်ဘက်မှနေ ဘက်စုံထောင့်စုံ ဖွံ့ဖြိုးတိုးတက်အောင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ နိုင်ငံတော်တစ်ဝန်းလုံး အချိုးညီညီဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဦးစားပေးအဆင့်တွေ သတ်မှတ်ပြီး စီမံကိန်းများချမှတ်ဆောင်ရွက်သွားမှသာလျှင် ပိုမိုထိရောက်အောင်မြင်မယ်လို့ ထင်မြင်ယူဆမိပါတယ်။ စစ်ဘေးဒဏ်ခံခဲ့ရတဲ့ တစ်နည်းအားဖြင့် ဖွံ့ဖြိုးမှုအနိမ့်ဆုံးဒေသတွေကို ယခင်ကလိုပဲ အထူးဒေသတွေအဖြစ်သတ်မှတ်ပြီးမှ နှစ်တို၊ နှစ်ရှည်စီမံကိန်းတွေ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးသင့်တယ်လို့ သုံးသပ်တင်ပြအပ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခြေခံကျတဲ့ တစ်ဦးချင်းဝင်ငွေတိုးတက်ရေးကို ရရှိနိုင်မယ့်နည်းလမ်းတွေ ရှာဖွေဖော်ထုတ်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ကျေးလက်ဒေသတွေမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနဲ့သာ အသက်မွေးကြတာဖြစ်လို့ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်တွေဖြစ်တဲ့ ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးလုပ်ငန်း၊ လယ်ယာသုံးစက်ကိရိယာများပံ့ပိုးပေးခြင်း၊ ဒေသနှင့်ကိုက်ညီတဲ့ စက်မှုကုန်ကြမ်းသီးနှံ၊ မျိုးကောင်းမျိုးသန့်များဖြန့်ဝေပေးခြင်း၊ လိုအပ်တဲ့ရင်းနှီးမတည်ငွေ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးစေလိုပါတယ်။ စစ်ဘေးဒဏ်ခံခဲ့ရတဲ့ကျေးရွာများကို နိုင်ငံတော်က

ဆောင်ရွက်ပေးနေတဲ့မြစိမ်းရောင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှာလည်း ထည့်သွင်းသတ်မှတ်ဆောင်ရွက်ပေးစေလိုပါတယ်။

ဒီလိုကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာမှာ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံလိုတဲ့ အချက်ကတော့ ကျေးလက်ပြည်သူများဟာ မြေစွဲ၊ ရေစွဲ၊ ဒေသစွဲတွေ ရှိခဲ့တဲ့အတွက် ဆောင်ရွက်ပေးမယ့်စီမံကိန်းအတွက်ချပြ ရှင်းလင်းပညာပေးရမယ့်အပြင်ကို ဆောင်ရွက်ပေးမယ့် ဌာနဆိုင်ရာများအနေနဲ့ကလည်း စိတ်ရှည်သီးခံပေးဖို့အတွက် ကြိုတင်မေတ္တာရပ်ခံ တင်ပြလိုပါတယ် ခင်ဗျား။ တစ်ဆက်တည်းတင်ပြလိုသည်မှာ စစ်ဘေးဒဏ်ခံခဲ့ရတဲ့ဒေသများမှာ မိုင်းများရှိနေတာကြောင့် ငြိမ်းချမ်းရေး ရရှိလာတာနဲ့မိုင်းရှင်းလင်းရေးလုပ်ငန်းကိုပါ အမြန်ဆုံးဆောင်ရွက်ပေးစေလိုကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ အခုအခါမှာ နိုင်ငံတော်အစိုးရရဲ့ကြိုးပမ်းမှုကြောင့် ပြည်သူတစ်ရပ်လုံးမျှော်လင့်တောင့်တနေကြတဲ့ ဒေသတည်ငြိမ် အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် မြင့်မားလာပြီဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရမှ ဖွံ့ဖြိုးရေးလုပ်ရန်မဟုတ်ဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းတွေဆောင်ရွက်ရင်း ငြိမ်းချမ်းရေးရအောင် တည်ဆောက်သွားသင့်ပါတယ်။ စစ်ဘေးဒဏ်ခံခဲ့ရတဲ့ တိုင်းရင်းသားဒေသများမှာ တစ်ချိန်တစ်ခါက ပဋိပက္ခဖြစ်ပွားမှု စစ်ဘေးစစ်ဒဏ်ကို ကြုံကြုံခံရင်း ယခုအချိန်မှာတော့ ယင်းတို့အတွက် အာမခံချက်ကင်းမဲ့ခဲ့တဲ့ ဘဝကနေ ရုန်းထွက်ပြီးမှ လူတန်းစေ့နေနိုင်အောင် ပြန်လည်ထူထောင်လာကြပြီဖြစ်ပါတယ်။ သူတို့တစ်တွေ ခံစားခဲ့ရတဲ့ စိတ်ဒဏ်ရာများကို နှစ်သိမ့်ကုသပေးဖို့အချိန်လည်း ရောက်ရှိလာပြီ ဖြစ်ပါတယ်။

ဒါကြောင့် စစ်ဘေးဒဏ်ခံခဲ့ရတဲ့တိုင်းရင်းသားဒေသများမှာ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ လျှပ်စစ်မီးလင်းရေးလုပ်ငန်း၊ ဝန်ထမ်းများလုံလောက်စွာခန့်ထားပေးခြင်း၊ တန်ဘိုးနည်းအိမ်ရာ ဆောက်လုပ်ပေးခြင်း၊ ယိုယွင်းသွားတဲ့ဘာသာရေးအဆောက်အအုံတွေ၊ စာသင်ကျောင်းတွေ၊ ဆေးပေးခန်းတွေ ပြန်လည်ပြုပြင်ပေးခြင်း၊ အသစ်ဆောက်လုပ်ပေးခြင်း စတဲ့ ရုပ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ လူနေမှုဘဝမြှင့်တင်ပေးခြင်း၊ တစ်ဦးချင်းဝင်ငွေတိုးလုပ်ငန်းဆောင်ရွက်ပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်း စတဲ့ လူမှုရေးပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်တစ်ဝန်းလုံး အကြားအလပ်မရှိ အချိုးညီညီဖွံ့ဖြိုးတိုးတက်ရန် ယခင်က စစ်ဘေးဒဏ်ခံခဲ့ရသော တိုင်းရင်းသားဒေသများအလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်း ချမှတ်၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၃၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၃၇။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) မှ ဦးဘိုးရယ်ရဲ့ ပြည်တွင်းငြိမ်းချမ်းရေး ရရှိလာသည်နှင့် ယခင်က စစ်ဘေးဒဏ်ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်း ချမှတ်၍ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုကို ကျွန်တော်ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေမှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိ လျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၃း၃၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဘိုးရယ် တင်သွင်းတဲ့ အဆိုကို လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ပြည်တွင်းငြိမ်းချမ်းရေး ရရှိလာသည်နှင့် ယခင်က စစ်ဘေးဒဏ် ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန် ဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးဘိုးရယ် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးဘိုးရယ် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၆)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၇)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၃း၄၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၃း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]